# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၈၆) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လဆန်း ၂ ရက် ၊ ၈–၆–၂၀၂၄ ၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

## ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၆၆၁၈၉ ပင် စိုက်ပျိုး

နေပြည်တော် ဇွန် ၇

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

### ဦးဆောင်စိုက်ပျိုး

ယနေ့တွင် ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိစစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။



# မန္တလေးဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအနက် မရမ်းခြံဆိပ်ကမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ၇၅ ရာခိုင်နှုန်းပြီးစီး

မန္တလေး ဇွန် ၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ အကောင်အထည်ဖော်လုပ်ဆောင်နေသည့် မန္တလေးဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအနက် ၂၂လမ်းနှင့် ၂၆လမ်းကြား၊ မရမ်းခြံဆိပ်ကမ်း အဆင့်မြှင့်တင်သည့် River Bank Protection လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်မှုမှာ ဇွန် ၇ ရက်အထိ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။ (ဝဲပုံ)

ယခုနှစ် ဘတ်ဂျက်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းမှာ အရှည်ပေ ၇၇၀၊ ပထမအဆင့်လှေကားပြင်မှာ ပေ ၁၀၀ အကျယ်နှင့် ဒုတိယအဆင့်လှေကားပြင်မှာ ၅၅ ပေအကျယ်ရှိ၍ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က အလျားပေ ၁၈၀ ဆောင်ရွက်ပြီးစီးခဲ့သည်။

စာမျက်နှာ ၁၀ သို့ ❍

၂၀၂၄ ခုနှစ်၊ ဇွန် ၈ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

## စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင်တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရပ်ကွက်ငါးခု၊ ဆောင်ရွက်ဆဲစက်မှုဇုန်စီမံကိန်းနှစ်ခုရှိသည်။ အဆိုပါ စက်မှုဇုန်၊ စက်မှုရပ်ကွက်နှင့် စီမံကိန်းများအတွင်း အငယ်စား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းပေါင်း ၇၉၇၂ခုရှိပြီး လုပ်သားပေါင်းငါးသိန်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ခဲ့သည်။

စက်မှုဇုန်ပြင်ပတွင် လည်ပတ်နေသော လုပ်ငန်းများရှိသဖြင့် စက်မှုဇုန်အသစ်များ ထပ်မံတည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန်အသစ်များတည်ထောင်ရန်နှင့် တည်ထောင်ထားရှိသောစက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ စက်မှုဇုန်ဥပဒေကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး တာဝန်ခံဝန်ကြီးဌာနသည် စက်မှုဝန်ကြီးဌာနဖြစ်ကြောင်း၊ အတည်ပြုပြီး စက်မှုဇုန်ဥပဒေနှင့်အညီ ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းပြီး စက်မှုဇုန်အသစ်များ စနစ်တကျထူထောင်သွားရန်၊ တည်ထောင်ပြီး စက်မှုဇုန်များအား အဆင့်မြှင့်တင်ရန်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များတွင် ပြန့်ကျဲတည်ရှိနေသော စက်မှုလုပ်ငန်းများအား စက်မှုဇုန်များတွင် စုပေါင်းလုပ်ကိုင်စေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ခံစားရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် နိုင်ငံ့စီးပွားတိုးတက်စေရန် ဆောင်ရွက်ကြရန်လိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက ဇွန် ၆ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးက ဆွေးနွေးပြောကြားခဲ့သည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန်နည်းဥပဒေဆိုင်ရာများ၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဖွဲ့စည်းမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ စက်မှုဇုန်အသစ်တည်ထောင်ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲစက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် အလားအလာရှိသောလုပ်ငန်းများကို လက်တွေ့ကျကျစီမံ ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း(၁၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဇွန် ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်း၏ (၁၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၅ နာရီခွဲက ၆၈လမ်းနှင့် သိပ္ပံလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး၃၀၀ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ မျှစ်အာလူးချက်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံ၊ ဖိနပ် ငါးရန်နှင့် နဝကမ္မ ငွေကျပ် ၅၀၀၀၀တို့အား စာရေးတံမဲဖောက်၍ မီးအိမ်ရှင်ဆရာတော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး+ဒေါ်ယုယုဇော်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

## ချောင်းကြီး မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၈လမ်းကြား၌ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေကြည်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၈လမ်း တံတားထိပ်မှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၄လမ်းအရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၃လမ်းနှင့် ၃၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉လမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၈လမ်းနှင့် ၂၉လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် ကြည်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၄၄လမ်း အရှေ့ဘက်ခြမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ပြင်ဦးလွင်ကားလမ်းနှင့် ၄၆လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀၄လမ်း စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာတောင်ဘက်မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၆၆Cလမ်းနှင့် ၆၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀၅လမ်းတောင်ဘက်ခြမ်းမြောင်း အတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35ဘက်ဟိုးစက်အသုံးပြု၍ ၅၈လမ်းနှင့် ၅၉လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၆၀Aလမ်း အရှေ့ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၁၂၂လမ်းနှင့် ၁၂၃လမ်းကြား၌ ဆယ်ယူရှင်းလင်း ဆောင်ရွက်ကြသည်။ အမရပူရမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် တို့ချဲ့(၃)လမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊


## ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်မှု (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၇

၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်) တည်ထောင်မှု (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအား အခြားသောဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၏ သဝဏ်လွှာများနှင့်အတူ ဘင်းမ်စတက်အတွင်းရေးမှူးရုံး၏ တရားဝင်ဝက်ဘ်ဆိုက်၌ လွှင့်တင်ထားရှိသည်။

သတင်းစဉ်




## ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်သည့် (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးပို့သည့် သဝဏ်လွှာ

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် ဖွဲ့စည်းတည်ထောင်မှု (၂၇)နှစ် ပြည့်မြောက်သော မင်္ဂလာရှိသည့် အထိမ်းအမှတ် အခါသမယတွင် ကျွန်ုပ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အစိုးရများ၊ ပြည်သူများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကို ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

(၂၇)နှစ်တာအတွင်း ဘင်းမ်စတက်သည် ၁၉၉၇ ခုနှစ်၊ ဗန်ကောက်ကြေညာစာတမ်းတွင် ပြဋ္ဌာန်းထားသည့် မူဝါဒများကိုအခြေခံသည့် စုပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာယန္တရားများကို ခိုင်မာမှုရှိအောင် ဆောင်ရွက်နိုင်ခြင်း စသည့်ထင်သာမြင်သာရှိသော တိုးတက်မှုများရရှိခဲ့ပါသည်။

ဘင်းမ်စတက်သည် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအတွက် စင်္ကြံတစ်ခုအဖြစ်သာမက အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်လေးစားမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများကိုလည်း တိုးတက်ခိုင်မာစေသည့်အတွက် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ထို့ပြင် အပြန်အလှန် အထောက်အကူပြုခြင်းဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းလျက် ဒေသတွင်း လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကျွန်ုပ်တို့၏ မြဲမြံသော ကတိကဝတ်များကို ဘင်းမ်စတက်ပဋိညာဉ်စာတမ်းက အထင်အရှားပြသနေပါသည်။

စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ဖြေရှင်းရာတွင် ဘင်းမ်စတက်မူဘောင်အောက်မှ စုပေါင်းအင်အားဖြင့် ကြံ့ကြံ့ခံနိုင်ခဲ့သည့်အတွက် ကျွန်ုပ်အနေနှင့် အဖွဲ့ဝင်နိုင်ငံအားလုံးကို အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။ ဘင်းမ်စတက် ပဋိညာဉ်စာတမ်း၏ လမ်းညွှန်မှုဖြင့် ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်မှုများက အနာဂတ်စိန်ခေါ်မှုများကို ဆက်လက်ကျော်လွှားနိုင်မည့် အဓိကအရာများဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ယနေ့ကျရောက်သည့် ဘင်းမ်စတက်၏ (၂၇)နှစ်ပြည့် အထိမ်းအမှတ်အခါသမယတွင် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့် ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ ဘင်းမ်စတက်သည် ပိုမိုခိုင်မာ၍ ထိရောက်သောအဖွဲ့အစည်း ဖြစ်လာပါစေကြောင်းနှင့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

နေပြည်တော်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်။

## မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၇၅)နှစ်ပြည့် စိန်ရတုအခါသမယအား ဂုဏ်ပြုသောအားဖြင့် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဇွန် ၇

၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၇၅) နှစ်ပြည့် စိန်ရတုအခါသမယအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာရာနေးလ် ဝစ်ခ်ရီမီဆင်းဟီနှင့်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒင်းနစ်ဂူနာဝါဒီနာနှင့်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန် ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇွန် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်- ၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ရှောင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချိုတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

✰ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်၍ စိုက်ပျိုးပေးလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်၍ သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သစ်ပင်စိုက်ပျိုးပွဲတော် ၃၈ ကြိမ် ပြုလုပ်ခဲ့၍ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များ အပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ၂၀၂၃ ခုနှစ်အထိ သစ်ပင်ပေါင်း(၂၁ ဒသမ ၇၅ သန်း)၂၁၇၅၃၄၇၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်ဖြစ်ထွန်းမှုအနေဖြင့် (၁၄ ဒသမ ၃၁ သန်း) ၁၄၃၁၇၇၈၄ ပင် ရှင်သန်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရပြီး ၆၅ ရာခိုင်နှုန်းခန့် အောင်မြင်မှုရှိခဲ့သည်ကို မှတ်တမ်းများအရ တွေ့ရကြောင်း။

**သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်မှုကောင်းစွာ ကာကွယ်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေနိုင်မည်**

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်အရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိပြီး တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရှိရသည့်အတွက် အလေးထားရန် မှာကြားလိုကြောင်း၊ "ဥတုရာသီတောကိုမှီ"ဟု ဆိုသည့်အတိုင်း ရာသီဥတုမှန်ကန်ကောင်းမွန်ရေးအတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနေထိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရန်၊ မြေအောက်သယံဇာတများ ထုတ်ယူရန်အတွက် သစ်ပင်သစ်တောများကို ခုတ်ထွင် ရှင်းလင်းခြင်းနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးမှုပိုမိုများပြားလာခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ကမ္ဘာ့လူဦးရေသည်လည်း တဖြည်းဖြည်းပိုမိုများပြားလာခဲ့ပြီး လူနှင့် တိရစ္ဆာန်တို့မှ ထွက်ရှိသည့် အပူငွေ့များ၊ စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှထွက်ရှိသည့် အပူငွေ့များကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား၌ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ မိုးခေါင်ရေရှားမှုများ စသည်ဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်ကိုကြုံတွေ့ရလျက်ရှိကြောင်း၊ **သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍ရနိုင်သည် မဟုတ်သော်လည်း ကြိုတင်ပြင်ဆင် ကာကွယ်မှုကောင်းခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း။**

မြန်မာနိုင်ငံ အလယ်ပိုင်းချောက်မြို့အနေဖြင့် ယခုနှစ်နွေရာသီတွင် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့သည်ကိုတွေ့ရကြောင်း၊ မိုးခေါင်ရေရှားဒေသ၊ မြေလတ်ပိုင်းဒေသများ၌ လွန်ခဲ့သည့် နှစ် ၂၀ ခန့်မှစ၍ သစ်တောစိုက်ပျိုးရေး အလေးထားဆောင်ရွက်ခဲ့သော်လည်း သစ်ပင်သစ်တောများ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုအပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် အပူပိုင်းဇုန်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ပြန်လည်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်စေရေး၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး အမြဲမပြတ်ကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစ်ချောင်းများ၌ ရေစီးရေလာ စာမျက်နှာ ၅ သို့ »»

❖ **သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍ရနိုင်သည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ကာကွယ်မှုကောင်းခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်**

❖ **သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာလည်း လူသားများပင်ဖြစ်သဖြင့် လူသားလျှင်ပဓာနဖြစ်**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်**

»»» စာမျက်နှာ ၄ မှ

ကောင်းမွန်စေရေး၊ ရေဝင်ရေထွက်ပိတ်ဆို့မှု မရှိစေရေး စစ်ဆေးဆောင်ရွက်နေမှသာလျှင် ရေကြီးရေလျှံမှုများမဖြစ်မည်ဖြစ်ကြောင်း၊ **သဘာဝကိုကောင်းအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်သကဲ့သို့ဆိုးအောင်ဖန်တီးသည်မှာလည်း လူသားများပင်ဖြစ်သဖြင့် လူသာလျှင် ပဓာနဖြစ်ကြောင်း**၊ သဘာဝ သစ်တောထွက် သယံဇာတသစ်များကို စည်းကမ်းစနစ်တကျမဟုတ်ဘဲ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းများကို ဆောင်ရွက်ခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် သစ်ပင်သစ်တောများကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်ပြီး စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားမည်ဆိုပါက နောင်လာနောက်သားများအတွက် စိမ်းလန်းစိုပြည်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်ကတည်းက စိုက်ပျိုးခဲ့သည့် အကျိုးဆက်ကို ယခုမိမိတို့ မျက်မြင်ခံစားနေရသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်**ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့က ရတနာတန်းဝင်ကျွန်းပင် ကို ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၆၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၉ ပင်၊ ပိတောက် ၃၀၃ ပင်၊ မဟော်ဂနီ ၆၀၆ ပင်၊ မန်ကျည်းရွား ၆၀၆ ပင် စုစုပေါင်း ၂၄၂၄ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၃၉ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၆၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံး အနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၁၆၆၁၈၉ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇၄၄၇ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၄၃၅ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၂၀၂ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၂၃၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆၀၁၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၅၃၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၃၇၉ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၆၅၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၇၄၈၆ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၇၀၈၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၃၇၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၀၀၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၀၃၀ နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၈၈၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၆၆၁၈၉ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးစဉ်။

* စာမျက်နှာ ၂၄ မှ

ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် Normal Trade ဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆောင်ရွက်သည်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်ပသို့တင်ပို့နိုင်သည့် ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်မှု မရှိခဲ့သည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍသည် များစွာတိုးတက်လာမည်ဖြစ်ပြီး ပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ကောင်စီဝင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်**

ငွေကြေးအရင်းအနှီး တတ်နိုင်သူများ အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်မည်ဖြစ်ကြောင်း၊ အသားစားကြက်၊ ဥစားကြက်၊ အသားစားနွား၊ နို့စားနွား၊ အသားတိုးဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများသည်လည်း အမြတ်အစွန်းရသည့်လုပ်ငန်းများဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် စိုက်ပျိုး၍ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အမြတ်အစွန်းများရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ဧကများတိုးချဲ့ခြင်းထက် ရှိပြီးသား စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း။

ငွေကြေးတတ်နိုင်သူများအနေဖြင့် အကျိုးအမြတ် မြိုးမြိုးမြက်မြက်ရသည့် လုပ်ငန်းများကိုသာ အားသန်ကြကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးအတွက် အထောက်အကူပြုမည့်အပြင် ပုဂ္ဂလိကအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိစစ်ချက်အရ ငွေကျပ်သိန်း ၄၀၀၀ ရင်းနှီးမြှုပ်နှံ၍ ဥစားကြက်ကောင်ရေ ၁၀၀၀၀ ကို ဥသက်တမ်းကာလ ၂၀ လအထိ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၇၀၀ ကျော်၊ အသားတိုးကြက်ကောင်ရေ ၁၇၀၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၅၀၀ ကျော်၊ အသားတိုးဝက်အကောင်ရေ ၄၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၂၅၀ ခန့်၊ အသားတိုး ဆိတ်အကောင်ရေ ၅၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၁၅၀ ခန့်၊ နို့စားနွားအကောင်ရေ ၈၀ ကို နှစ်နှစ်အကြာ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၁၇၀၀ ကျော်၊ အသားစားနွားအကောင်ရေ ၈၀ ကို မွေးမြူမည်ဆိုပါက ကျပ်သိန်း ၂၀၀ ကျော်ရရှိမည်ဟု တွက်ချက်မှုများအရ သိရှိရကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပ်သန်း ၄၀၀ ရင်းနှီးမြှုပ်နှံ၍ အစေ့ထုတ်ပြောင်း ဧက ၅၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၅၀ ခန့်၊ ပဲပုပ် ဧက ၈၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၃၂၀ ခန့်၊ နေကြာ ဧက ၆၄၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေ ကျပ် သန်း ၁၇၀ ကျော်၊ ကြက်သွန်နီ ဧက ၂၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေ ကျပ်သန်း ၅၀၀၊ ကြက်သွန်ဖြူ ဧက ၁၆၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေ ကျပ်သန်း ၅၀၀ ကျော်ရရှိမည်ဟု တွက်ချက်မှုများအရ သိရှိရကြောင်း။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် လိုအပ်လျက်ရှိသည့် စားသောက်ကုန်များကို လေ့လာကြည့်ရာ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် ပဲပုပ်တန်ချိန် ၉၂ သန်း၊ ၂၀၂၃ ခုနှစ်တွင် ၉၄ သန်းကို ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံတို့မှ တင်သွင်းခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ် အမဲသားတန်ချိန် ၂ ဒသမ ၃ သန်း၊ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၇ သန်းကို တင်သွင်းခဲ့ရပြီး အခြားအသားငါးများကိုလည်း ပြည်ပမှတင်သွင်းခဲ့ရသည်ဟု ၎င်းတို့၏ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည်လည်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို အသုံးများသည့် နိုင်ငံများဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်များရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် ပဲပုပ်နှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းသည် ဥပမာအနေဖြင့် ရှင်းလင်းပြောကြားခြင်းသာဖြစ်ပြီး အခြားဈေးကွက် လိုအပ်ချက်များစွာ ရှိနေသေးသည်ကို သိရှိနိုင်ရန်ဖြစ်ကြောင်း။

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့်လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း။

**စားသုံးဆီလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်**

နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆီထွက်သီးနှံများကိုလည်း သတ်မှတ်ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးစပါး စိုက်ပျိုးပြီးစီးသည့်အချိန်တွင် မည်သည့်သီးနှံမှမစိုက်ဘဲ ကျန်ရှိသည့် လယ်မြေဧက လေးသန်းခန့်မှ နေကြာစိုက်ပျိုး၍ရသည့် မြေနေရာများတွင် နေကြာကို စိုက်ပျိုးမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်းတို့အပြင် ပဲပုပ်မှလည်း ဆီထုတ်လုပ်၍ရသဖြင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်လည်း ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ သီးနှံများတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စိုက်ပျိုးမှုများကိုလည်း အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ တိုးတက်လာမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် ဧပြီလအတွင်း ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာသည်ကို တွေ့ရပြီး ဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဈေးနှင့် ငွေကြေးဈေးများသည် ရှိသင့်ရှိထိုက်သည့်၊ ဖြစ်သင့်သည့် ဈေးနှုန်းသို့ တဖြည်းဖြည်းကျဆင်းလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်ကလည်း စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ ဘဏ်စနစ်များပြိုလဲအောင် လုပ်ဆောင်မှုများနှင့် ငွေကြေးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းများကို မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သောအခက်အခဲအကြပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေး အတိုင်းအတာတစ်ခုအထိ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ အိမ်ရာမြေ ဝယ်ယူခြင်းနှင့်ပတ်သက်၍လည်း တရားမဝင်ရရှိလာသည့် ငွေကြေးများဖြင့် ပြည်ပနိုင်ငံများတွင် အိမ်ရာမြေဝယ်ယူခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသောကြောင့် လိုအပ်သည့်စည်းကမ်းဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ရွှေနှင့် ငွေကြေးဈေးနှုန်းများသည် မည်သို့မျှမဖြစ်နိုင်သည့်ဈေးနှုန်းများဖြစ်ပြီး ငွေတန်ဖိုးကျဆင်းစေရေး ဈေးနှုန်းများကို ဆွဲတင်၍ တိုင်းပြည်၏စီးပွားရေး ကျဆင်းမှုရှိစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်မည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကျဆင်းစေရန်ရည်ရွယ်၍ အဘက်ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သဖြင့် ငွေဈေးတည်ငြိမ်ရန် အရေးကြီးကြောင်း။

ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် စာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ယာယီအားဖြင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီထားသည့် လက်နက်ကိုင် အဖွဲ့အချို့သည် သဘောတူညီချက်များ အပေါ် ချိုးဖောက်လာမှုများအား တွေ့မြင်လာရကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံ ဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကို ကြည့်၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပြီး ခုခံကာကွယ်သည်မှအပ ၎င်းတို့၏ တပ်စခန်းများကို တိုက်ခိုက်ခြင်းများ မပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မကြာမီကာလအတွင်း နိုင်ငံရေးပါတီများ၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးထားပြီး ဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် တည်ဆောက်ရေးဆောင်ရွက်ရာ၌ မိမိတို့ တာဝန်ယူချိန်မှစ၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ထိရောက်သည့်အုပ်ချုပ်ရေးကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကို အသုံးချ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ထောင်စုအနေဖြင့် လိုအပ်သည့်မူဝါဒများကို ချမှတ်ပေးမည်ဖြစ်ကြောင်း၊ အဆင့်အလိုက်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ကြရန်လိုပြီး စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြောင်းပြ၍ စိုက်ပျိုးမြေများကို အခြားနည်းဖြင့် အသုံးချခြင်းများ တွေ့ရှိရသဖြင့် မြေယာအသုံးချမှုနှင့် ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ခွင့်ပြုချက်များနှင့်အညီသာ ဖြစ်ရန်လိုကြောင်း၊ လယ်မြေ၊ လယ်ယာမြေ၊ မြေလွတ်မြေရိုင်းအသုံးချမှုတို့နှင့် ပတ်သက်၍ မိမိတို့အားခွင့်ပြုပေးထားသည့်အတိုင်းသာဖြစ်ရန်လိုပြီး အခြားနည်းများဖြင့် အသုံးချမှုများမဖြစ်စေရေး ကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊**

ပညာရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရသင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး KG+12 အထိ ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးထားကြောင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့ရှိ အချို့သောကျောင်းများ အနေဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ယမန်နေ့အထိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ခုနစ်သန်းနီးပါး ကျောင်းတက်ရောက်သည်ဟု တင်ပြချက်များအရ သိရှိရကြောင်း၊ မိမိတို့ နိုင်ငံလူဦးရေအသက်ပိုင်းခြားအရ ကျောင်းတက်ရောက်ရန် လိုအပ်မှုများ ရှိနေသေးကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ပညာရေးဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်သွားခဲ့ပြီး ပညာရေးဝန်ထမ်းများ ပြည့်မီစွာခန့်အပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ အချိန်ကာလတစ်ခုထိ ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ၏ သင်ကြားရေးနှင့်ပတ်သက်၍လည်း စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးကောက်ခံမှုများ စနစ်တကျရှိရန်လိုနေကြောင်း၊ မဖွင့်ရသေးသည့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပြီးသည့် ကျောင်းများအားလုံး အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၇ သို့ ***

❖ **ပြီးခဲ့သည့် ဧပြီလအတွင်း ရွှေဈေးနှင့်ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာသည်ကို တွေ့ရပြီး ဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်**

❖ **လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဈေးနှင့် ငွေကြေးဈေးများသည် ရှိသင့်ရှိထိုက်သည့်၊ ဖြစ်သင့်သည့်ဈေးနှုန်းသို့ တဖြည်းဖြည်းကျဆင်းလာခဲ့ပြီဖြစ်**

❖ **ယခင်ကလည်း စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ ဘဏ်စနစ်များပြိုလဲအောင် လုပ်ဆောင်မှုများနှင့် ငွေကြေးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းများကို မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သော အခက်အခဲအကြပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေး အတိုင်းအတာတစ်ခုအထိ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့**

* စာမျက်နှာ ၆ မှ

သင်ကြားရေးတာဝန် ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး လိုအပ်သည့် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ဆရာဝန်မရှိသည့် ဆေးရုံဟူ၍မရှိစေရေး မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး အခြေခံအားဖြင့် လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးနိုင်သည့်သူများပင် ဖြစ်ကြောင်း။

### အန္တိမရည်မှန်းချက်

ရှေ့လုပ်ငန်းစဉ် ပဉ္စမအချက်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံ မဖြစ်စေရေးအဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သန်းခေါင်စာရင်း ကောက်ယူပြီးမှသာ လူဦးရေစာရင်း ထွက်လာမည်ဖြစ်ကာ မဲစာရင်းများပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းများ အပြည့်အဝ ကောက်ယူနိုင်မှသာ မှန်ကန်သည့်မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြေပြင်ကွင်းဆင်း ကောက်ယူရန် အခက်အခဲရှိသည့် နေရာများ၌လည်း မြေပြင်တွင်ရှိသည့်စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး စာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ရနိုင်သည့် မြို့ရွာများကို ဦးစွာကောက်ယူ၍ ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူ၍ ဆက်လက်ကောက်ယူသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်သည့်အတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး၊ ရွေးကောက်ပွဲ အောင်မြင်မှုရှိစေရေး မိမိတို့လုပ်ဆောင်နိုင်သည်မှန်သမျှကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး မူဝါဒများ ရှင်းလင်းပြောကြားခဲ့မှု၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုမှု၊ တည်ထောင်ခွင့်ပြုမှုနှင့် စိစစ်ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများ၊ နိုင်ငံတော်၏စီးပွားရေး မတည်မငြိမ်ဖြစ်စေရန်၊ စီးပွားရေးဖောင်းပွစေရန်၊ ရွှေဈေးကွက်နှင့် နိုင်ငံခြားငွေကြေး မတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်ခဲ့သူများကို ဖော်ထုတ်အရေးယူခဲ့မှု၊ ယခုနှစ်ကျောင်းများဖွင့်လှစ်နိုင်မှုနှင့် ကျောင်းအပ်နှံမှု၊ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုးရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေး တောင်သူများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိသူများအနေဖြင့် တောင်သူများကို မျိုး၊ သွင်းအားစု၊ နည်းပညာ ကိစ္စရပ်များတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

> ❝ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင် နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် ❞

### တိုင်းပြည်အတွက် သေချာသည့် စီးပွားရေးတစ်ခု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့် စီးပွားရေး တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်နိုင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝဘေး အန္တရာယ်နှင့် လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံး ထိခိုက်မှုများစွာရှိကြောင်း၊ ထိုသို့ ပျက်စီးဆုံးရှုံးမှုများမရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်တွင်ရောက်ရှိရေး ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### နိဂုံးချုပ် အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတည်ဆောက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင် နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်ကြောင်း၊** အလားတူပင် ဒေသတစ်ခု ပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်ပေါ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံအကြမ်းဖက်များက လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း၊ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ မိမိဒေသကိုဖျက်ဆီးနေသူများဖြစ်ကြောင်း၊ ဥပမာ ပေးရမည်ဆိုပါက **"အရိပ် နေနေ၊ အခက်ချိုးချိုး"** ပြုလုပ်နေကြသူများ ဖြစ်ကြောင်း၊ ၎င်းကဲ့သို့ ရိုင်းစိုင်းယုတ်ညံ့သော အကြမ်းဖက် အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရာ ဒေသများတွင် ၎င်းအချက်ကို ပြည်သူ လူထုသဘောပေါက်နားလည်အောင် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည်အရေးကြီးကြောင်း၊ကိုယ့်ကိုယ်ကိုယ်ပညာမတတ်အောင် လုပ်ဆောင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်ကို ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို ဖျက်ဆီးနေသည့် လုပ်ရပ်ထက် အောက်တန်းကျသော လုပ်ရပ်မရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ့သူ နိုင်ငံသားများကို ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ် များစွာရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတွင် ပညာမတတ်သူများလာပါက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသွားနိုင်ကြောင်း၊အလားတူအတန်းပညာများရှိရန်လိုသကဲ့သို့ စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန် လိုကြောင်း။

### ပြည်သူများ စာဖတ်လာအောင်၊ ပညာတတ်လာအောင် အသိပညာပေး

မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်တွင် ပညာရေးအားနည်းသည့် တပ်မတော်သားများအား စာတတ်မြောက်ရေးအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ခြောက်နှစ်ကြာ အချိန်ယူဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တကယ်လုပ်လျှင် တကယ်ဖြစ် ကြောင်း၊ ပြည်သူများအားလုံး စာတတ်နိုင်စေရန်၊ စာဖတ်နိုင်စေရန်နှင့် အတန်းပညာများ မြင့်မားစေရန်အတွက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် မိမိတို့ရောက်ရှိသည့်နေရာတိုင်းတွင် ပြည်သူများ စာဖတ်လာအောင်၊ ပညာတတ်လာအောင်အသိပညာပေးကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၄-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခြင်းလုပ်ငန်းအသိပေးကြေညာခြင်း

၁။ ၂၀၂၄-ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ နှင့် ၂၀၂၄-ခုနှစ်၊ ဧပြီလ နှင့် မေလများတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို(၁၁-၆-၂၀၂၄)ရက်၊ အင်္ဂါနေ့ နံနက်(၀၆ : ၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့်(၁၁-၆-၂၀၂၄)ရက်နေ့၊ နံနက်(၄)နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည် ဖြစ်ပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက် အဆက်အသွယ်ကောင်းစွာမရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်း ထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် ( ၀၁ - ၆၅၃၅၀၉ ) နှင့် ( ၀၁ - ၆၅၃၄၆၇ )တို့ ထံသို့ အောင်စာရင်း ထုတ်ပြန်ကြေညာမည့် (၁၁-၆-၂၀၂၄) ရက်နေ့ (အင်္ဂါနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန



## Miss Universe Myanmar 2024 Winner ဆုကို သက်စံအန်ဒါဆန်ရရှိ

Miss Universe Myanmar 2024 ပြိုင်ပွဲကြီး၏ GRAND CORONATION NIGHT အခမ်းအနားကို ဇွန် ၆ ရက် ညနေပိုင်းက Yangon Convention Center (YCC)၌ ကျင်းပခဲ့ပြီး Winner ဆုကို ရန်ကုန်မြောက်ပိုင်းကိုယ်စားပြု မြန်မာ-ဆွီဒင်ကပြား အလှမယ် သက်စံအန်ဒါဆန်က ရရှိခဲ့သည်။

First Runner Up ဆုကို မိတ္ထီလာကိုယ်စားပြု အလှမယ် ချယ်ရီမိုး၊ Second Runner Up ဆုကို ရန်ကုန်တောင်ပိုင်းကိုယ်စားပြုအလှမယ် ဟန်လေးက ရရှိခဲ့သည်။

Winner ဆုရရှိသွားသည့် အလှမယ် သက်စံအန်ဒါ ဆန်သည် မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည့် Miss Universe 2024 ပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

(မန္တလေးနေ့စဉ်-၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ဂျူဒိုပြိုင်ပွဲအသင်းလိုက် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၇

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး "ဂျူဒိုပြိုင်ပွဲ" ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲအသင်းလိုက် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးကိုကိုလှိုင်တို့က ၄၂ ကီလိုတန်းအောက် အမျိုးသမီး တစ်ဦးချင်း ဂျူဒိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများ၊ ၄၅ ကီလိုတန်းအောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများနှင့် ၅၀ ကီလိုတန်းအောက် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က ၅၅ ကီလိုတန်းအောက် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလား ရရှိသည့် ကချင်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရန် ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၃၀ မှ အသင်း အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ပြိုင်ပွဲကာလ ဇွန် ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စက်သုံးဆီ 92,95 Ron ဈေးနှုန်းများ ကျဆင်းလာ

**မန္တလေး ဇွန် ၇**

စွမ်းအင်ဝန်ကြီးဌာနထုတ်ပြန်သော ဈေးနှုန်းအချက်အလက်များကိုအခြေခံ၍ စက်သုံးဆီသိုလှောင်ဖြန့်ဖြူး ရောင်းချသူများအသင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သော စက်သုံးဆီဈေးနှုန်းများအရ 92,95 Ron စက်သုံးဆီအမျိုးအစားများ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စက်သုံးဆီဈေးနှုန်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိသည်။

ဇွန် ၆ ရက်နေ့စက်သုံးဆီလက်ကားဈေးနှုန်းများမှာ ရန်ကုန် 92 Ron ၂၅၆၅ ကျပ်၊ 95 Ron ၂၆၆၅ ကျပ်၊ HSD(500ppm) ၂၃၃၀ ကျပ်၊ HSD(50ppm) ၂၃၈၀ ကျပ်၊ HSD(10ppn) ၂၃၈၀ ကျပ်၊ မန္တလေး 92 Ron ၂၆၄၅ ကျပ်၊ 95 Ron ၂၇၄၀ ကျပ်၊ HSD(500ppm) ၂၄၁၀ ကျပ်၊ HSD(50ppm) ၂၄၅၅ ကျပ်၊ HSD(10ppn) ၂၄၅၅ ကျပ်ရှိကြောင်း သိရသည်။

ဇွန် ၇ ရက်နေ့ စက်သုံးဆီလက်ကားဈေးနှုန်းများမှာ ရန်ကုန် 92 Ron ၂၄၉၅ ကျပ်၊ 95 Ron ၂၆၁၅ ကျပ်၊ HSD(500ppm) ၂၃၀၅ ကျပ်၊ HSD(90ppm) ၂၃၅၀ ကျပ်၊ HSD(10ppn) ၂၃၅၀ ကျပ်၊ မန္တလေး 92 Ron ၂၅၆၀ ကျပ်၊ 95 Ron ၂၆၈၅ ကျပ်၊ HSD(500ppm) ၂၃၇၀ ကျပ်၊ HSD(50ppm) ၂၄၂၀ ကျပ်၊ HSD(10ppn) ၂၄၂၀ ကျပ်ရှိကြောင်း သိရသည်။

ဇွန် ၇ ရက်နေ့ စက်သုံးဆီ လက်လီဈေးနှုန်းများမှာ တစ်လီတာလျှင် မန္တလေးဈေးကွက်အတွင်း 92 Ron ၂၄၃၄ ကျပ်၊ 95 Ron ၂၅၅၄ ကျပ်၊ HSD(500ppm) ၂၂၄၂ ကျပ်၊ HSD(90ppm) ၂၂၉၀ ကျပ်၊ HSD(10ppn) ၂၂၉၀ ကျပ်ရှိကြောင်း သိရသည်။

လက်ရှိထုတ်ပြန်ထားသောဈေးနှုန်းများမှာ MOPS ဈေးနှုန်းများအပေါ်တွင် အခြေခံတွက်ချက်ကာ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၄၁၁၃၇၃၊ ၀၆၇-၄၁၁၂၈၂၊၀၉-၇၇၅၂၉၃၆၃၂၊ ၀၉-၂၅၄၆၂၅၄၇၇ တို့သို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဧ)**

## မန္တလေးရတနာမောလ် ကျောက်မျက်ရတနာဈေးရှိ ဆိုင်ခန်းများ အရောင်းပြပွဲကျင်းပမည်

**မန္တလေး ဇွန် ၇**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၇၈လမ်းနှင့် ၃၄လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာ ဒုတိယထပ်ရှိ မန္တလေးရတနာမောလ် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာဈေးရှိ ဈေးဆိုင်ခန်းများကို ရောင်းချပေးမည့် အရောင်းပြပွဲ ကို ဇွန် ၈၊ ၉ ရက်တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ရတနာမောလ်တွင် ဈေးဆိုင်ခန်းပေါင်း သုံးရာကျော်ရှိပြီး အခန်းများကို သေချာစွာဖွဲ့စည်းပြင်ဆင်ထားရှိကြောင်း၊ဝယ်ယူသူများ ပိုင်ဆိုင်မှု ခိုင်မာစေရန်အတွက် စည်ပင် owner book များကိုလည်း ပေးအပ်သွားမည်ဖြစ်သည်။

အရောင်းပြပွဲအား ဇွန် ၈၊ ၉ရက်များတွင် နံနက် (၉)နာရီမှ ညနေ (၆)နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲနှစ်ရက်အတွင်း ပထမဆုံးဝယ်ယူသူ သုံးဦးအတွက် Discount ၂၀ရာခိုင်နှုန်းနှင့် ၁၂လ အတိုးမဲ့ အရစ်ကျစနစ်ဖြင့်လည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ်များဖြင့် ချိတ်ဆက်၍ ၁၀နှစ်အရစ်ကျ စနစ်များဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားရှိကြောင်းသိရသည်။ **(မန္တလေးနေ့စဉ်-ဧ)**

## ရမည်းသင်းမြို့ လျှပ်စစ်ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်



ရမည်းသင်း ဇွန် ၇

ရမည်းသင်းမြို့နယ် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ အင်တိုင်းခွဲရုံအတွင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ဦးဆောင်၍ လျှပ်စစ်ဝန်ထမ်း ၃၀ စုပေါင်းပြီး ယနေ့ နံနက် ၉ နာရီ တွင် သစ်ပင်များစိုက်ပျိုးကြသည်။

ထို့ပြင် ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝင်းအတွင်း အရိပ်ရအပင်ဖြစ်သည့် တမာပင်၊ ဘောစကိုင်းပင်၊ ရေတမာ၊ ခရေပင် စားပင်သီးပင်များဖြစ်သည့် စိန်တစ်လုံးသရက်ပင်၊ ပိန္နဲပင်၊ ကွမ်းသီးပင်နှင့် ပန်းအလှပင်များဖြစ်သည့် စက္ကူရောင်စုံပန်းပင်၊ ရွက်လှပန်းပင်၊ စုစုပေါင်း အပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။



## သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၇

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၄ ရက်မှ ၆ ရက်အထိ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် ကျေးရွာနေပြည်သူ ၁၀၀ ခန့် ထိခိုက်သေဆုံးခဲ့ရပြီး နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ရသည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့်သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်များတွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ AA အကြမ်းဖက်သမားများက သံတွဲမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများကို လာရောက်တိုက်ခိုက်ခဲ့ပြီး ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့လည်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဇွန် ၅ ရက် နှင့် ၆ ရက်တို့တွင် ဆင်ခေါင်းကျေးရွာမှ ပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း ဒေသခံတို့၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် AA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန် လုပ်ဆောင်လျက်ရှိသော်လည်း AA အကြမ်းဖက်သမားများ၏ အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းစသည့် လုပ်ရပ်များအပေါ် နိုင်ငံတကာမှလည်း ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

မန္တလေး ဇွန် ၇

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်နှင့် မီးသတ်တပ်ဖွဲ့များသည် မေ ၆ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်မြင့်နှင့် ရာအိမ်မှူးများသည် ဥပုသ်တော်ရပ်ကွက်၊ အကွက်(၃၅)ရှိ အိမ်ခြေ ၁၂၀ လုံးအား မီးလောင်မှုလျှော့ချစေရေးအတွက် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် မီးသုံးစွဲသည့် ကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကားများဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိနှင့် မီးသတ်ဆေးဘူးများ အလွယ်တကူ အသုံးပြုနိုင်ရန် တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပတ်ဝန်းကျင် မီးဘေးအန္တရာယ်စိုးရိမ်ရမှု ရှိ၊ မရှိ အခြေအနေများကို စစ်ဆေးခြင်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး၍ လိုအပ်ချက် ရှိသည့် အိမ်ထောင်စုများအား အသိပညာပေးခြင်း၊ အကြံပြုဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

၀-၀-၀-၀-၀-၀

## စားသုံးသူအကာအကွယ်ပေးရေး တရားမဝင်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ကန့်ဘလူ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၌ ပြည်သူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော စားသုံးသူထိနိုင်ခြေမြင့်မားသည့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိတို့ကို တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆေးဝါးရောင်းချသော ဈေးဆိုင်များသို့သွားရောက်၍ တရားမဝင်ဆေးဝါးများ၊ စံမညီဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးကြသည်။

ဆက်လက်၍ စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော တားမြစ်ဆေးဝါးများ၊ စားသုံးသူထိခိုက်နိုင်ခြေမြင့်မားသည့် တရားမဝင်ဆေးဝါးများ၊ ဆေးဝါး၏ လိုအပ်ချက်အရ ထားသိုသိမ်းဆည်းခြင်းနည်းလမ်းများ၊ ကျန်းမာရေးအတွက် ဘေးကင်းစိတ်ချရသော ဆေးဝါးများကိုသာ ရောင်းချရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) (၄၈၀)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ


နေပြည်တော် ဇွန် ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တော ဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း (၁ ဒသမ ၉၂၅၀)တန်၊ သစ်မာ (၁ ဒသမ ၁၈၂၂)တန်၊ အခြား (၂၁ ဒသမ ၃၃၁၀)တန်၊ စုစုပေါင်း (၂၄ ဒသမ ၄၃၈၂)တန်၊ ယာဉ်၊ ယန္တရား သုံးစီး၊ တရားခံ ခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တော ဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀



## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက လားရှိုးမြို့နယ်၊ မယ်ပါဟန်ကျေးရွာ အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ယော်ဖာဆော်ဆိုသူ မောင်းနှင်လာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂၈၀ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယော်ဖာဆော် (၂၅) နှစ်ဆိုသူအား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀



ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်း ရန်ကွာ လွန်ချမ်းသာ။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် (ပထမအကြိမ်) ကျင်းပ

**မန္တလေး ဇွန် ၇**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်(ပထမအကြိမ်)ကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းတွင် ကျင်းပရာ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးရန်အတွက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြကာ တိုင်းမှူးက ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**(ယာပုံ)**

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(ပထမအကြိမ်)ကို ယနေ့တွင် အသီးသီးဆောင်ရွက်ကြခဲ့ကြရာ တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ရတနာတန်းဝင်ပင် ၆၅၈၅ ပင်၊ နှစ်ရှည်စားသုံး သီးနှံပင် ၃၅၀၀ ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင် ၁၀၄၀ ပင်၊ အရိပ်ရလေကာပင် ၁၇၉၀၅ ပင်၊ စုစုပေါင်း ၂၉၀၃၀ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၀၃၈)**



# ပြည်သူအားလုံးပါဝင်လို့ သန့်ခေါင်စာရင်းကောက်ယူစို့ မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

**အမရပူရ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် အတွင်း၌ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သန်းခေါင်စာရင်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်လဝကဦးစီးရုံးမှ ဦးဆောင်၍ အများပြည်သူများ အသွားအလာများရာ လူစည်ကားရာနေရာဖြစ်သည့် မှန်တန်းရပ်ကွက်၊ စစ်ကိုင်း-မန္တလေး ကားလမ်းမပေါ်ရှိ နန်းတော်ရာစံပြဈေး မီးပွိုင့်အနီး၌ ဇွန် ၆ ရက် နံနက် ၈ နာရီက သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ယူစို့" ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနား ကျင်းပသည်။

မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီးကျော်စွာဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်သာဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် e-ID နှင့်ပတ်သော အချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ခရီးသွားပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀



# မန္တလေး ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများတွင် သေဆုံးသွားသော အရိပ်ရအပင်များနေရာတွင် အစားထိုးစိုက်ပျိုးမည်

**မန္တလေး ဇွန် ၇**

မန္တလေးဆိပ်ကမ်းသန့်ရှင်းသာယာလှပရေးနှင့် စိမ်းလမ်းစိုပြည်ရေးအတွက် ကမ်းနားလမ်းတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များမှ အချို့မှာ သေဆုံးမှုများ ရှိခြင်းကြောင့် ၎င်းနေရာ၌ အရွယ်ရှိသော အရိပ်ရအပင်ဖြစ်သည့် တည်ပင်ပေါင်း ၁၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

အဆိုပါ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာပြီး စိမ်းလမ်းစိုပြည်ရန် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ အထူးဌာနခွဲမှ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ယင်းဌာန တာဝန်ရှိသူက ပြောသည်။

"အပင် ၁၀၀ စိုက်မှာဆိုတော့ ဒီနေ့အထိ အပင်စိုက်ဖို့ ကျင်းပေါင်း ၅၀ တူးပြီးသွားပြီ။ လာမယ့် ၃ ရက်လောက်ဆိုရင် စိုက်နိုင်မှာပါ။ ကမ်းနားလမ်း စိမ်းလမ်းစိုပြည်ပြီး သာယာလှပရေးအတွက် ဌာနအနေနဲ့ဆောင်ရွက်တာဖြစ်တယ်။ လမ်းလယ်ကျွန်းတွေမှာစိုက်ထားတဲ့ အရိပ်ရအပင်တွေထဲက သေဆုံးသွားတဲ့ အပင်တွေနေရာမှာ အစားထိုးစိုက်တာပါ"ဟု ၎င်းက ပြောသည်။

ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပပြီး စိမ်းလမ်းစိုပြည်ရေးအတွက် ဇွန် ၆ ခုခွဲ၍ ဆောင်ရွက်နေပြီး၊ ၂၆ လမ်းမှ ၃၅ လမ်းအတွင်း ဇုန်(၂)နှင့် ၃၅ လမ်းမှ ၄၁ လမ်းအတွင်း ဇုန်(၃)တို့မှ လမ်းလယ်ကျွန်းများတွင် ၆ ပေဝန်းကျင် အမြင့်ရှိသော အရွယ်ရ တည်ပင် ၁၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းနားလမ်းတစ်လျှောက်မှာ စိုက်ပျိုးထားတဲ့ သစ်ပင်တွေ ရှင်သန်အောင် ရေလောင်း၊ပေါင်းသင်တာတွေကို ဌာနဝန်ထမ်းများနဲ့ လုပ်ပါတယ်။ ရာသီဥတုနဲ့ အခြားအခြေအနေတွေကြောင့် သေဆုံးသွားတာမျိုးတွေရှိတော့ စာရင်းကောက်ယူပြီး ခုလို မိုးကျတာနဲ့ စိုက်ပျိုးတာဖြစ်ပါတယ်။ ဒါမှလည်း ရှင်သန်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့၊ ရောတီမြစ်၊ ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလမ်းစိုပြည်ရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်နေသကဲ့သို့ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာနအနေဖြင့် သေဆုံးသွားသော အပင်များကို စာရင်းပြုစု၍ အစားထိုးစိုက်ပျိုးသည့်စနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်သည်ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-၉)**

## ❍ မရမ်းခြံဆိပ်ကမ်းမှ

"အောင်မြေသာစံမြို့နယ်ထဲမှာဆိုရင် အဲဒီမြို့နယ် အင်ဂျင်နီယာက ကြီးကြပ်တယ်။ သူ့အပိုင်းနဲ့သူပေါ့။ ဆိပ်ကမ်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်ရာမှာ မြို့တော်စည်ပင်၊ အခွန်ဌာနက ကျူးကျော်ရှင်းတယ်။ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက လမ်းလယ်ကျွန်းမှာ သစ်ပင်၊ ပန်းအလှပင်တွေ စိုက်တယ်။ ရေနှင့်သန့်ရှင်းမှုဌာနက အများသုံးအိမ်သာနဲ့ပတ်သက်လို့ ဆောင်ရွက်တယ်။ ဌာနအသီးသီး ပူးပေါင်းဆောင်ရွက်ကြတာပါ"ဟု ၎င်းက ပြောသည်။

မန္တလေးဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုနှင့် မြို့တော်ဝန်၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့တော်စည်ပင်သာရေးကော်မတီ၊ လမ်းတံတားဌာနမှ ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဟိုတုန်းကနဲ့ မတူဘဲ သန့်ရှင်းသာယာနေပြီဆိုတော့ အပန်းဖြေ၊ အနားယူဖို့ ကောင်းတဲ့နေရာဖြစ်လို့ မနက်အရုဏ်တက်နဲ့ ညနေပိုင်းဆိုရင် လမ်းလျှောက်သူ၊ အားကစားလုပ်တဲ့သူတွေနဲ့ စည်ကားနေပြီ။ ဒါကြောင့် မြို့တော်စည်ပင်က သန့်ရှင်းသာယာပြီး လေညင်းခံနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်တာပါ" ဟု လုပ်ငန်းတာဝန်ခံ ကိုမင်းက ပြောသည်။

လမ်းတံတားဌာနအနေဖြင့် အဆိုပါ မရမ်းခြံဆိပ်ကမ်းသာယာလှပရေးဆောင်ရွက်ရာတွင် River Bank Protection တည်ဆောက်ခြင်း၊ အများပြည်သူ နားနေနိုင်မည့် ဆိပ်ကမ်းရင်ပြင်တည်ဆောက်ရေးလုပ်ငန်းတွင် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် မန္တလေးဆိပ်ကမ်းတစ်လျှောက်တွင် ပလက်ဖောင်းများနှင့် Road Curb များ၊ လျှောက်လမ်းများတွင် လက်ရန်းများ တပ်ဆင်ဆေးသုတ်ခြင်း၊ နိုင်လွန်ကတ္တရာလမ်း ပြုပြင်ခင်းကျင်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**





# နိုင်ငံတကာ အားကစား သတင်းများ

## နယ်သာလန်အသင်းက ကနေဒါအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**ပါရီ ဇွန် ၇**

နိုင်ငံတကာဘောလုံးခြေစမ်း ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် ကနေဒါ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက ကနေဒါ အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယ်သာလန်အသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် မိနစ် ၅၀တွင် ဒီပိုင်း၊ ပွဲချိန် ၅၇မိနစ်တွင် ဖရင်းပေါင်၊ ပွဲချိန် ၆၃ မိနစ်တွင် ဝက်ဟော့ဒ်၊ ပွဲချိန် ၈၃ မိနစ်တွင် ဗန်ဒိုက်ချ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၁ ရက်တွင် အိုက်စလန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ယာပုံ)** (NGB)

## အန်ဒီဒီအား ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်



**ဘာစီလိုနာ ဇွန် ၇**

ဘာစီလိုနာအသင်းသည် လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား အန်ဒီဒီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၃ပွဲကစားကာ ၁၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းကလည်း အန်ဒီဒီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် လက်စတာစီးတီးအသင်းထံမှ အန်ဒီဒီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)** (NGB)

## လိုဇာနိုအား San Diego FC အသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၇**

San Diego FC အသင်းသည် ပီအက်စ်ဗွီအသင်း တောင်ပံကစားသမား လိုဇာနိုအား ခေါ်ယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် San Diego FC အသင်းနှင့်အတူ လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှသာ ပူးပေါင်းသွားမည်ဖြစ်သည်။




တောင်ပံကစားသမား လိုဇာနိုသည် ပီအက်စ်ဗွီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၃ ပွဲကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် San Diego FC အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

San Diego FC အသင်း ထုတ်ပြန်ချက်တွင် "လိုဇာနိုအား ခေါ်ယူခဲ့ပါပြီ။ သူဟာ လာမည့် ၂၀၂၅မှသာအသင်းနဲ့ ပူးပေါင်းမှာပါ။ အသင်းအနေနဲ့လည်း နောက်ထပ်ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ဖရန်ဆက်စကိုကာမာဒါ အေစီမီလန်အသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မီလန် ဇွန် ၇**

အေစီမီလန်အသင်းသည် အသင်း လူငယ် တိုက်စစ်မှူး ဖရန်ဆက်စကိုကာမာဒါအား ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အေစီမီလန်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၁၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဖရန်ဆက်စကိုကာမာဒါသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

အေစီမီလန်အသင်း ထုတ်ပြန်ချက်တွင် "ဖရန်ဆက်စကိုကာမာဒါအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ်လူငယ်ကစားသမားတွေကို ထပ်မံသက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)(NGB)

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၆-၂၀၂၄ စနေနေ့ | ည ၇း၃၀နာရီ | ဆလိုဗေးနီးယား - ဘူလ်ဂေးရီးယား |
| ,, | ည ၁၀း၃၀ နာရီ | မော်လ်ဒိုဗာ - ဆိုက်ပရပ်စ် |
| ,, | ,, | ဆွစ်ဇာလန် - ဩစတြီးယား |
| ,, | ,, | ဆွီဒင် - ဆားဘီးယား |
| ,, | ,, | ဟန်ဂေရီ - အစ္စရေး |
| ,, | ည ၁၁း၁၅ နာရီ | ပေါ်တူဂီ - ခရိုအေးရှား |
| ၉-၆-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၀း၀၀ နာရီ | ဒိန်းမတ် - နော်ဝေ |
| ,, | နံနက် ၀၀း၃၀ နာရီ | ဘယ်လ်ဂျီယံ - လူဇင်ဘတ် |
| ,, | နံနက် ၀၂း၀၀ နာရီ | စပိန် - မြောက်အိုင်ယာလန် |
| ,, | နံနက် ၀၄း၀၀ နာရီ | အမေရိကန် - ကိုလံဘီယာ |
| ,, | နံနက် ၀၇း၀၀ နာရီ | မက္ကဆီကို - ဘရာဇီး |

## 2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Iga Swiatek တက်ရောက်

**ပဲရစ် ဇွန် ၇**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် ၂၀၂၄ French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff အား ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အီတလီတင်းနစ်မယ် Jasmine Paolini တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ)** (NGB)



## နည်းပြ ဒယ်လာဖွန်တေအား ၂၀၂၆ ခုနှစ်အထိ စပိန်လက်ရွေးစင်အသင်း သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇွန် ၇**

စပိန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြ ဒယ်လာဖွန်တေအား ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် စပိန်လက်ရွေးစင်အသင်းအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ရက်က ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၃ ပွဲတွင် ၉ ပွဲနိုင်၊ ၂ ပွဲသရေ၊ ၂ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။



အသက် ၆၂ နှစ်အရွယ်ရှိ နည်းပြဒယ်လာဖွန်တေက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးပါပြီ။ ယူရို ၂၀၂၄ ပြိုင်ပွဲမှာလည်း စပိန်အသင်းနှင့်အတူ အောင်မြင်မှုများ ရရှိနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ကန်ဆယ်လို၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၃၅သန်းအဖြစ် မန်ချက်စတာစီးတီးအသင်း သတ်မှတ်

**မန်ချက်စတာ ဇွန် ၇**

မန်ချက်စတာစီးတီးအသင်းသည် အသင်းနောက်ခံကစားသမားကန်ဆယ်လို၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၃၅ သန်းအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်း၊ အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ကန်ဆယ်လိုသည် ပြီးခဲ့သည့် ဘောလုံး ရာသီက မန်ချက်စတာစီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၂ပွဲ ကစားကာ ၄ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်းကလည်း ကန်ဆယ်လိုအတွက် ၄င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်း၊ အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့အနေဖြင့် မန်ချက်စတာစီးတီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ကန်ဆယ်လိုအား မည်သည့်အသင်းက ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။




(ဝဲပုံ) (NGB)

၀-၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဇွန် ၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်ခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စုသန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တိုက်တွန်းပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခန့်မှန်းလူဦးရေ ၆ သန်း ၇ သိန်းကျော်၊ ခန့်မှန်းအိမ်ထောင်စု ၁ သန်း ၅ သိန်းကျော်ရှိပြီး ကောက်ကွက်ပေါင်း ၁၃၀၀၀ ကျော်ကို စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၅၀၀၀ ကျော်ဖြင့် ကောက်ယူဆောင်ရွက်ရန်လျာထားကြောင်း၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားရှိပြီး စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲတို့အရ သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လည်း လိုအပ်ကြောင်း။

သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို တွေ့ရှိရာအရပ်၌ ကောက်ယူသည့်မှု (De Facto) ဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့် (Computer Assisted Personal Interviews-CAPI) စနစ်ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လာမည့်ဩဂုတ်မှစ၍ သန်းခေါင်စာရင်းဆိုင်ရာ နည်းပြသင်တန်းအပါအဝင် သင်တန်းအဆင့်ဆင့်ကို ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန်နှင့် လုပ်ငန်းစဉ်အဆင့်အလိုက် ပြီးမြောက်အောင်မြင်ရေးအတွက် အားလုံးကတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



### ပြည်သူလူထုအသိပညာပေးပြသ

ဆက်လက်၍ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လူဦးရေ၏ အခန်းကဏ္ဍနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၌ ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ချက်အကျဉ်းချုပ်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုကြည့်ရှုအားပေး၍တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အကြိမ်(၂၀)မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇွန် ၇

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဆီရမ်မြို့၌ ဇွန် ၆ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၅ ရက်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြပြီး ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ စက်မှု၊ သိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန အတွင်းဝန်၊ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံအမတ်ကြီး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက Siem Reap မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံစက်မှု၊ သိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဝန်ကြီး H.E Dr. HEM Vanndy နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြပြီး ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အာဆီယံဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် Sofitel Angkor Resort ၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E Mr. HUN Manet နှင့် တွေ့ဆုံပွဲသို့ အာဆီယံဝန်ကြီးများနှင့်အတူ တက်ရောက်ပြီး အာဆီယံဒေသတွင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ အကြိမ်(၂၀)မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ စက်မှု၊ သိပ္ပံ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဝန်ကြီး H.E Dr. HEM Vanndy က ကြိုဆိုနှုတ်ခွန်းဆက်ပြောကြားပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E Dr. Kao Kim Hourn က အမှာစကားပြောကြား၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E Mr. HUN Manet က အဖွင့်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပရာ အလှည့်ကျဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံအလိုက် AI နည်းပညာနှင့် အနာဂတ်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက "AI Application Navigating the Future" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီး လက်ရှိပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့ယဉ်ကျေးမှုသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းသို့ သွားရောက်လေ့လာခဲ့ကြောင်းနှင့် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းသည် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ BAC-16, COSTI-85 နှင့် အခြားဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လယ်ဝေးမြို့နယ်အတွင်း ကျောင်းများ၌ ခွေးရူးရောဂါကာကွယ်ရေး ပညာပေးဟောပြော

လယ်ဝေး ဇွန် ၇

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက နေပြည်တော် ရှစ်မြို့နယ်၌ ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ထူထောင်လျက်ရှိပြီး အဆိုပါဇုန်အတွင်း ခွေးရူးရောဂါကို ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ သုတေသနအရာရှိ ဒေါက်တာလှိုင်ဝင်းက ခွေးရူးရောဂါကူးစက်နိုင်သည့် သတိပြုလိုက်နာရမည့်အချက်များ၊ ခွေးရူးရောဂါကာကွယ်ရေး သိကောင်းစရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးကျော်မိုးက ခွေးရူးပြန်ရောဂါအကြောင်း စသည်တို့ကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူ ၆၅၇ ဦးအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး ခွေးရူးရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ ဝေကြည်(ပြန်/ဆက်)



# သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ပြန်လည်တိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**မန္တလေး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ပြန်လည်တိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေနဲ့ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းကို ပြန်လည်တိုးတက်စေဖို့အတွက် သစ်တောဦးစီးဌာနနဲ့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတွေနဲ့အတူ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက် နံနက်ပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမတွင် ကျင်းပရာ ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စဉ်များအား လျှော့ချနိုင်ရေး မြေယာပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးသည် အလွန်ပင်အရေးကြီးကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။ **(ယာပုံ)**

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပေးပို့သည့် သဝဏ်လွှာ Video Clip တို့အား ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်မှုဆု ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ချီးမြှင့်ငွေများအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်မှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဆု ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုလက်မှတ်နှင့် ချီးမြှင့်ငွေများအားလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးမှ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ အမှုထမ်းအဆင့် ရေးဖြေစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့်ဝန်ထမ်းများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ချီးမြှင့်ငွေများအားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(၃၉၄)**





# ပုသိမ်ကြီး ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်နှင့် စွယ်တော် ဗောဓိ ၅၀၀၀ နန္ဒဝန်ဗုဒ္ဓဥယျာဉ်တွင် သစ်ပင် ၂၀၀၀ စိုက်ပျိုးမည်

**မန္တလေး ဇွန် ၇**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ် ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်နှင့် အမရပူရမြို့နယ် စွယ်တော်မြတ်စေတီ ဗောဓိ ၅၀၀၀ နန္ဒဝန် ဗုဒ္ဓဥယျာဉ်တို့တွင် ဇူလိုင် ဒုတိယအပတ်မှစတင်၍ သစ်ပင် ၂၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တွေမှာ နှစ်စဉ် ဗောဓိပင်တွေ စိုက်ပျိုးပူဇော်နေကြပါ။ နှစ်စဉ် မိုးရာသီရောက်တိုင်း စိုက်ပျိုးလာတာ ၁၃နှစ် ရှိပါပြီ။ ဒီနှစ် ပုသိမ်ကြီး ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်မှာ သစ်ပင်တစ်ထောင်၊ စွယ်တော် ဗောဓိ ၅၀၀၀ နန္ဒဝန်ဗုဒ္ဓဥယျာဉ်မှာ သစ်ပင်တစ်ထောင် စုစုပေါင်း ဗောဓိပင် ၂၀၀၀ စိုက်ပျိုးမှာပါ။ သစ်ပင်တစ်ပင်လျှင် အရွယ်အစားအပေါ် မူတည်ပြီး ငွေကျပ် ၁၅၀၀၊ ငွေကျပ် ၂၅၀၀ ပါဝင်လှူဒါန်းနိုင်ပါတယ်၊ ဥယျာဉ်တော်တစ်ခုလုံး လှူဒါန်းစိုက်ပျိုးလိုသူတွေရှိရင်လည်း ဆက်သွယ်နိုင်ပါတယ်" ဟု ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်အတွင်း သစ်ပင်စိုက်ပျိုးမှုတွင် အမြင့် ၆ ပေရှိ ဗောဓိညောင်ပင်များ၊ ကံ့ကော်စိုက်၊ မဟာလှေကား၊ အင်ကြင်း၊ တမာဝါ စသည့်တို့ကို စိုက်ပျိုးမည်ဖြစ်ပြီး ကုသိုလ်ပါဝင်လိုသူများအနေဖြင့် အရွယ်အစားအပေါ်မူတည်၍ သစ်ပင်တစ်ပင်လျှင် ငွေကျပ် ၁၅၀၀ ၊ ငွေကျပ် ၂၅၀၀ ဖြစ်စေ၊ သစ်ပင်များ လာရောက်ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်နိုင်သည်။

လက်ရှိ ပုသိမ်ကြီးမြို့နယ် ဗောဓိ ၅၀၀၀ ဗုဒ္ဓဥယျာဉ်တွင် (၂၄)လက်မ ဆင်းတု၊ ညောင်ပင်၊ ပလ္လင်၊ ကမ္ပည်း ပါဝင်သော ဘုရားအဆူပေါင်း (၁၀၀၀၀)ကျော်၊ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီ ဗောဓိ ၅၀၀၀ နန္ဒဝန်ဗုဒ္ဓဥယျာဉ်တွင် (၂၄)လက်မ ဆင်းတု၊ ညောင်ပင်၊ ပလ္လင်၊ ကမ္ပည်း ပါဝင်သော ဘုရားအဆူပေါင်း (၁၀၀၀၀)ကျော် တည်ထားပြီး ဘုရားများနှင့် လာရောက်လည်ပတ်သူများ အရိပ်ရစေရန် သစ်ပင်များ စိုက်ပျိုးရန် စီစဉ်ခြင်းဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၆၂လမ်း၊ ၃၂လမ်း နှင့် ၃၃လမ်းကြားရှိ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)သို့ဖြစ်စေ ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၇၅၁၅၁၆၂၀၄ သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာရောင်းချပေးခဲ့သည်။



ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ပြန်လည်ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# မြေပဲ ဝယ်လိုအားကောင်းလာမှုကြောင့် ဈေးကွက်ပြန်လည်မြင့်တက်လာ

ပြည်တွင်းမြေပဲဈေးကွက်မှာ ဝယ်လိုအား ကောင်းလာမှုကြောင့် ဈေးကွက်ပြန်လည်မြင့်တက်လာကြောင်း ပဲကုန်သည်များထံက သိရသည်။



လက်ရှိမှာ ဆီကြိတ်ခွဲသည့် မြေပဲဆီဆန်က တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဝန်းကျင်ရှိလာပြီး မြေပဲအနီလုံးဆန်က တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ အထိ ဈေးပြန်လည်မြင့်တက်လာသည်။

မေလနောက်ဆုံးသီတင်းပတ်က ဆီကြိတ်ခွဲသည့် မြေပဲဆီဆန်က တစ်ပိဿာကို ငွေကျပ် ၅၇၀၀ ဝန်းကျင်သာရှိခဲ့ပြီး မြေပဲအနီလုံးဆန်က တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ဝန်းကျင်သာရှိခဲ့တာကြောင့် မြေပဲဆန် အမျိုးအစားအလိုက် တစ်ပိဿာကို ငွေကျပ် ၃၀၀ မှ ငွေကျပ် ၁၂၀၀ လောက်အထိ ဈေးပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိမှာ မြေပဲဈေးပြန်ပြီး မြင့်တက်လာသော်လည်း ယခင်ဈေးနှုန်းကိုတော့မမီသေးကြောင်း ယခင်က တစ်ပိဿာကို ငွေကျပ် ၈၀၀၀ ကျော်အထိ ပေါက်ဈေးရရှိခဲ့သည်။ **(ဝဲပုံ)**

ဒါကြောင့် လက်ရှိ မြေပဲ သိုလှောင်ထားသူတွေက သိုလှောင်ထားသည့် မြေပဲတွေကို အကုန်ထုတ်ရောင်းချတာမျိုး မရှိသေးဘဲ ဈေးကွက်ထပ်အတက်ကို စောင့်နေသည့် အခြေအနေရှိသည်။

ယခုနှစ်မှာ တရုတ်ကို နယ်စပ်လမ်းကြောင်းကနေ မြေပဲတင်ပို့ရောင်းချရမှု လျော့ကျတာကြောင့် ပြည်တွင်းမှာ မြေပဲလက်ကျန်တွေ ရှိနေခြင်းဖြစ်သည်။

လက်ရှိမှာတော့ မိုးစိုက်မြေပဲအတွက် ကြိုတင်ပြင်ဆင်နေကြပြီး ပြည်တွင်းမှာ နှစ်စဉ် မြေပဲ စိုက်ဧက ၂၈ သိန်းကျော်အထိ စိုက်ပျိုးနေကြောင်း သိရသည်။

**ရွှေမန်း**

၀-၀-၀-၀-၀

# အမရပူရမြို့မှ အထင်ကရ သမိုင်းမှတ်တိုင်များ–အပိုင်း(၂)

**ဗဒုံမင်း(ဘိုးတော်ဘုရား)သည် အမရပူရတွင် ထီးနန်းစိုးစံအုပ်ချုပ်စဉ်က တိုင်းပြည်စည်ပင်ဝပြောခဲ့သည်။ မြန်မာနှစ် ၁၁၄၅ ခုနှစ်တွင် နန်းသိမ်းပွဲခံယူ၍ ၁၁၇၈ ခုနှစ်အထိ အမရပူရတွင် စိုးစံခဲ့ပြီး စစ်ကိုင်းမင်း(ဘကြီးတော်ဘုရား)လက်ထက် အင်းဝသို့ ပြောင်းရွှေ့နန်းစိုက်ခဲ့သည်။ ရွှေဘိုမင်းနှင့် ပုဂံမင်းတို့ကလည်း အမရပူရမြို့တွင် ထီးနန်းစိုးစံခဲ့ရာမှ မင်းတုန်းမင်းလက်ထက်တွင် မန္တလေး(ရတနာပုံ)သို့ မြို့နန်းတည် စိုးစံသဖြင့် နောက်တစ်ဖန် စွန့်ပယ်ခံရပြန်လေသည်။**

သို့ဖြစ်၍ မင်းသုံးဆက် နန်းစိုက်ခဲ့သော အမရပူရသည် ရှေးဟောင်းယဉ်ကျေးမှု၊ ရှေးဟောင်းအဆောက်အအုံနှင့် ဘုရားစေတီ၊ ကျောင်းကန်များ ပေါများသည်။ ဗဒုံမင်းလက်ထက် မှတ်တမ်းမှတ်ရာများကို အစဉ်အဆက် ကူးယူလေ့လာကျင့်သုံးခဲ့ကြရာ အမိန့်တော်၊ အမှာတော်၊ စာချွန်တော်များ၊ မင်းခမ်းမင်းနားနှင့်ဆိုင်သော စာတမ်းများ၊ စစ်တမ်းများ၊ မူရင်း ကျောက်စာများ၊ သစ်ထွင်းစာ၊ ကမ္ပည်းစာစသည့်ဖြင့် အထောက်အထားများစွာရှိခဲ့သည်။

အုပ်ချုပ်ရေး စနစ်တကျရှိစေရန် တမ္ပဒီပတိုင်း၊ ရာမညတိုင်း၊ သရေခေတ္တရာတိုင်း၊ ခေမရဋ္ဌတိုင်း၊ စိန္တတိုင်းစသည်ဖြင့် တိုင်း ၁၂ခု ခွဲခြားထားသည်။ ဘိုးတော်ဘုရားလက်ထက် စစ်တမ်းကောက်ယူခဲ့ရာ လွန်စွာတန်ဖိုးကြီးပြီး အမြော်အမြင်ကြီးမားကြောင်းထင်ရှားသည်။ထိုစစ်တမ်းအရ မြန်မာနိုင်ငံတွင် မြို့ကြီး ၁၈၈မြို့၊ ရွာပေါင်း ၅၈၈၅ ရွာရှိသည်။ ဘိုးတော်ဘုရားလက်ထက်၌ အောက်ဘက်တွင် တနင်္သာရီအထိ၊ အထက်ပိုင်းတွင် အာသံပြည်နယ်အထိဖြစ်ပြီး ရခိုင်ကို သိမ်းပိုက်လိုက်သဖြင့် ပိုမိုကျယ်ဝန်းခဲ့သည်။ လူမျိုးစုံ သဟဇာတမျှတစွာ နေထိုင်ကြလျက် အေးချမ်းစည်ပင်ခဲ့ကြောင်း မှတ်တမ်းများ အရ သိရသည်။

ထိုအချိန်က အမရပူရသို့ ဝင်ထွက်သွားလာနေကြသော နိုင်ငံခြားသားများက အမရပူရသည် ကြီးကျယ်ခမ်းနားပြီး ထွန်းကားသော မြို့တော်ဖြစ်သည်ဟု ချီးမွမ်းကြကြောင်း၊ မြို့နေလူဦးရေနှင့် ဆင်ခြေဖုံးရပ်များတွင် အိမ်ခြေစုစုပေါင်း ၁၇၆၅၉ ရှိ၍ လူဦးရေ ၉၀၀၀၀ ကျော်ရှိကြောင်း ဟင်နရီယူး (Henary Yule) ရေးသားသည့် Narrative of a Mission to the Court of Ava တွင် ဖော်ပြထားသည်။

အမရပူရသည် ထင်ရှားသော ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ၊ အဆောက်အအုံများစွာ၊ လေ့လာစရာများစွာနှင့် သမိုင်းနောက်ခံများစွာရှိပါ၏။မန္တလေးထက်အသက်ကြီးသော မြို့ဖြစ်ပြီး မင်းသုံးဆက် ထီးနန်းစိုက်ခဲ့သည်။

**တောင်သမန် ဦးပိန်တံတား**

တောင်သမန် ဦးပိန်တံတားသည် လူသိများထင်ရှား၍ ကမ္ဘာကပင် သိရှိသည်။ ပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လျှင် မဖြစ်မနေ အရောက်လာသော တံတားဖြစ်သည်။ မြို့စာရေးဦးပိန်သည် ပုဂံမင်း၏ ခွင့်ပြုချက်ဖြင့် ၁၂၁၁ ခုနှစ်တွင် စစ်ကိုင်းနှင့် အင်းဝမှ နန်းတော်တိုင်ဟောင်းများဖြင့် လူထုအားသုံးကာ တည်ဆောက်ထားသည်။ အင်းကို ဖြတ်ကျော်ထားသည်ဖြစ်ရာ လေဟာပြင်ဖြစ်နေ၍ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်ရန် တံတားကို တစ်ဖြောင့်တည်း တည်ဆောက်ခြင်းမဟုတ်ဘဲ တောင်ဘက်သို့ အနည်းငယ်ချိုးကွေ့တည်ဆောက်ထားသည်။ တောင်သမန်တံတားဟုလည်း အမည်တွင်သည်။

တံတား တည်ဆောက်ပြီးစီးချိန်ကို အလွယ်မှတ်သားနိုင်ရန် "အင်းက အော်ညီး-ဆောက်လုပ်ပြီး"ဟု မှတ်သားကြသည်။တံတားဆောက်လုပ်ချိန်က တံတားတိုင်ပေါင်း ၉၈၄ တိုင်ရှိသည်ကို "နဝ-အဋ္ဌ-ဓဃ-မောင်ပိန်"ဟု မှတ်သားကြသည်။ ယင်းနောက်ပိုင်း တံတားနှစ်ဖက်ထိပ်မှ အုတ်တံတားများကို ဖြုတ်၍ သစ်သားတိုင်များနှင့် အစားထိုးလိုက်သဖြင့် တိုင်ပေါင်း ၁၀၈၆ တိုင်ဖြစ်လာခဲ့သည်။ တံတားတစ်လျှောက် နားနေရန် ဇရပ် လေးခုရှိပြီး ဘုရင်လာချိန် ဖြတ်သန်းသွားလာနိုင်ရန် ဖောင်ကြောင်း ကိုးခုထားရှိကြောင်းနှင့် ခရစ်နှစ် ၁၉၄၆ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်က တံတားမြုပ်သည်အထိ ရေကြီးရေလျှံခဲ့သဖြင့် ပြုပြင်ခဲ့ရကြောင်း အမရပူရမြို့နယ် မှတ်တမ်းအရ သိရသည်။

**စကြာဝင်တံတား**

အမရပူရမြို့တော် တည်မည့်အချိန်က စကြာမင်းလောင်း ပေါ်လတ္တံ့ဟူသော သိုက်တဘောင်ကျော်ကြားသဖြင့် မြို့တည်သောအခါ ယတြာချေသည့်အနေဖြင့် စကြာဝင်တံတားတည်ဆောက်ခဲ့ကြောင်းသိရသည်။ ထိုတံတားသည် ယာဉ်တော်ကျေးရွာတွင်ရှိပြီး ကျွန်းသစ်နှင့် တည်ဆောက်သည့် သစ်သားတံတားဖြစ်၍ တိုင်ပေါင်း ၁၆၈ တိုင်၊ အလျား ၂၉၄ တောင်(ပေပေါင်း ၄၄၀ ခန့်) ရှိသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက သွားရောက်လေ့လာခဲ့စဉ်က ၅ ပေ ခန့်ရှည်သော ရှေးဟောင်းတိုင် သုံးတိုင်ခန့်ကို တံတားဟောင်းအရှေ့ဘက် မူလတန်းကျောင်းပေါက်တွင် နေပူအခြောက်၊ မိုးရွာအစို တွေ့ခဲ့ရသည်။ အနောက်ဘက် တံတားအဆင်း တစ်ဖက်စီ၌ လက်ကျန်တံတားအုတ်ရိုးများ ရှိနေသေးသည်။

**တောင်ကြီးတံတား**

တောင်ကြီးတံတားမှာ မြို့စာရေး ဦးပိန်က



တောင်သမန်ကို ဖြတ်၍ တံတား(ဦးပိန်တံတား) တည်ဆောက်ချိန်က တစ်ချိန်တည်း ဆောက်လုပ်ခဲ့သည်။ တည်ဆောက်ချိန် တစ်နှစ်ရှစ်လခန့်ကြာ မြင့်သည်။ တောင်ကြီး-ဟသ်ာတံတားဟုခေါ်ကြပြီး တံတားအရှည် ၁၆၂၀ ပေဖြစ်သည်။ အုတ်ရိုးတံတားများပါ ထည့်သွင်းတိုင်းတာလျှင် ပေပေါင်း ၂၀၂၁ ပေ ရှည်လျားပြီး အခန်းပေါင်း ၂၆၀ ရှိသည်။ ဒုတိယအရှည်ဆုံး သစ်သားတံတားဟုလည်း ဆိုပါသည်။

**ကြီးလေးကြီးဘုရား**

အမရပူရတွင် ကြီးလေးကြီးဘုရားဟူ၍ လေးဆူရှိရာ လောကီဆန္ဒပြည့်ဝရန် အဓိဋ္ဌာန်ဝင်သူများ သွားရောက်ဖူးမြော်လေ့ရှိကြသည်။ ဈေးချိုရပ်ကွက်နှင့် မှန်တန်းရပ်ကွက်ကြားရှိ ရွှေဂူကြီးဘုရားကောင်းမှုရှင်မှာ နရပတိစည်သူဖြစ်ပြီး ထပ်မံပြုပြင် လှူဒါန်းသူမှာ ဗဒုံမင်း၏ အိမ်ရှေ့ဥပရာဇာနှင့် မိဖုရားတို့ဖြစ်ပြီး မြန်မာနှစ် ၁၁၄၅ ခုနှစ်တွင် အပြီးသတ် မွမ်းမံကုသိုလ်ပြုခဲ့သည်။ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ အတောင် ၆၀ ခန့်ရှိ၍ အမရပူရခေတ် ပန်းတမော့၊ ပန်းတော့၊ ပန်းရံလက်ရာများကို တွေ့မြင်နိုင်သည်။ စေတီတော်ကြီးတောင်ဘက် ရွှေဂူသာဘုရားလိုဏ်ဂူအတွင်း၌ နံရံဆေးရေးပန်းချီများ လေ့လာနိုင်ပေသည်။



ပုထိုးတော်ကြီးဘုရားကို စစ်ကိုင်းမင်းက မြန်မာနှစ် ၁၁၈၁ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓဝင်နှင့် နိပါတ်တော်များဖြင့် သရုပ်ဖော်ထားသော ပန်းတမော့လက်ရာများ ရှိသည်။ ကျောက်တော်ကြီးဘုရား (မဟာသကျရံသီ တောင်သမန်ကျောက်တော်ကြီး)မှာ တောင်သမန်ရွာ (ဦးပိန်တံတားအရှေ့ဘက်ထိပ်)တွင် ရှိသည်။ ပထမဘုရားဒါယကာမှာ စစ်ကိုင်းမင်းဖြစ်ပြီး စကျင်ကျောက်တော်ကြီးကို မြန်မာနှစ် ၁၁၉၂ ခုနှစ်တွင် အင်းဝသို့ပင့်ဆောင်၍ ထုဆစ်ကိုးကွယ်ခဲ့သည်။ ၁၂၁၁ ခုနှစ်တွင် ပုဂံမင်းက အမရပူရသို့ပင့်ဆောင်၍ ယခုတည်ရှိရာတွင် ပင့်ဆောင်ကိုးကွယ်ခဲ့သည်။

တောင်သမန် ဦးပိန်တံတားအနောက်ဘက်ရှိ တောင်မင်းကြီးဘုရားမှာ အုတ်ဆင်းတုတော်ဖြစ်သည်။ ရှေးမြန်မာနန်းတွင်း ပန်းချီဆရာများရေးဆွဲမှတ်တမ်းထိုးရာ၌ ဆင်ဖြူဝန်ဘုရားဟုပါရှိပြီး အမိုးအကာ ပြာသာဒ်တန်ဆောင်း ပြုလုပ်လျှင် အန္တရာယ်ဖြစ်တတ်သည်ဟုဆိုကာ နေပူမိုးရွာ အမိုးအကာမပါ စံပယ်တော်မူရသဖြင့် နေပူခံကိုယ်တော်ကြီးဟူ၍ ဆိုကြသည်။ နှစ်ပေါင်းများစွာကြာမြင့်ပြီးချိန် အမရပူရမြို့၊ တရုတ်တန်းရပ်မှ ဦးရင်ကလေးက ကြီးမှူးပြီး ကံစမ်းမဲထိ တစ်စောင်လျှင် ငါးမူးဖြင့် ထီဖွင့်ကာ အာရုံခံတန်ဆောင်းတော်ကြီး ဆောက်လုပ်ခဲ့သည်။ ထိုမှစ၍ တောင်မင်းကြီးဘုရား ဖြစ်လာသည်။

**ရတနာ့ဂူဘုရား**

ရတနာ့ဂူဘုရားမှာ အမရပူရမြို့၏ အထိမ်းအမှတ်တစ်ခု ဖြစ်သော ရတနာ့ဂူနတ်ပွဲ ကျင်းပရာဖြစ်သည်။ တောင်ပြုန်းနတ်ပွဲ(မင်းကြီးမင်းလေးနတ်ပွဲ)ကြောင့် တောင်ပြုန်းရွာမှာ လူသိများကျော်ကြားသကဲ့သို့ ဖြစ်သည်။ တောင်ပြုန်းပွဲနှင့် ရတနာ့ဂူပွဲသည် နတ်ရာဇဝင်နှင့် ဆက်စပ်ထားပြီး မင်းကြီး၊ မင်းလေးတို့၏မိခင် ပုပ္ပားမယ်တော်ကြီးက တောင်ပြုန်းမှအပြန် ခရီးတစ်ထောက်နားသောနေရာဟု ဆိုလေသည်။ ပွဲတော်မူရင်းမှာ သံဃာတော်များကို ဆွမ်းနှင့် စာရေးတံမဲလောင်းလှူသည့် ဘုရားပွဲဖြစ်သော်လည်း မိရိုးဖလာကိုးကွယ်မှုဆိုင်ရာနှင့် ရောယှက်၍ နတ်ပွဲ ဖြစ်လာခဲ့သည်။

မြန်မာနှစ် ၇၄၅ ခုနှစ် အင်းဝခေတ် မင်းကြီးစွာစော်ကဲ တည်ထားခဲ့ပြီး စစ်ကိုင်းမင်းလက်ထက် မြန်မာနှစ် ၁၁၈၃ ခုနှစ်တွင် နန်းမတော်မိဖုရားနှင့် စလင်းမြို့စားတို့က ပြည်သူတို့ စိတ်ပျော်ရွှင်စေရန်ဦးတည်ပြီး နတ်ပွဲဖန်တီးခဲ့ရာက ရတနာ့ဂူဘုရားပွဲမှ ရတနာ့ဂူနတ်ပွဲဖြစ်လာသည်ဟု ဆိုပါသည်။

ထို့အပြင် အမရပူရမြို့မတိုင်ခင်ကတည်းက တည်ရှိခဲ့သော အခြားဘုရားစေတီများလည်း ရှိပါသည်။ အမရပူရမြို့တည် ဗဒုံမင်းသည် ဘာသာသာသနာကို အလေးအနက်ထားသူ၊ စီမံအုပ်ချုပ်မှုကောင်းမွန်သူ၊ အမြော်အမြင်ကြီးမားသူဖြစ်၍ ကုန်းဘောင်မင်း ၁၁ ဆက်တွင် နန်းသက်ရှည်ကြာဆုံး ဖြစ်ခဲ့သည်။ ၄င်းလက်ထက်တွင် သာယာဝပြောစည်ပင်သော အမရပူရမြို့တော်၏ သမိုင်းမှတ်တမ်းများမှာ ယနေ့တိုင် အထင်ကရရှိနေဆဲ ဖြစ်ပါတော့သည်။

**ကိုးကား–အမရပူရမြို့နယ်မှတ်တမ်း (၁၉၈၂)**

ခိုင်ဆက်ဝေ



## မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇွန် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေ ဦးဆောင်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းက မုန်းလိုက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုလှိုင်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ဆန်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးပိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

ထို့နောက် မုန်းလိုက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးနန်းအောင်နှင့် ရပ်မိရပ်ဖများက ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားလိုအပ်ချက်များကို တင်ပြဆွေးနွေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌဗိုလ်မှူးဇော်မင်းဆွေက သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

## ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး ပိုစတာစိုက်ထူ

**မတ္တရာ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ၂၀၂၄-ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ပြည်သူများသိရှိနိုင်စေရန်အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီခွဲက မတ္တရာမြို့မ ရဲစခန်းရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ကျင်းပခဲ့သည်။

အဆိုပါ "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးပိုစတာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရသိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ထွန်းလှနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနိုင်တို့မှ စိုက်ထူပေးခဲ့သည်။

အဆိုပါ အသိပညာပေး ပိုစတာစိုက်ထူခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၆၂)



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ဓလေ့ မြေလမ်း

## ဗုဒ္ဓနယ်မြေ ရန်ကင်းတောင်

* နေအလင်းဖြာ၊ ရှုခင်းသာချိန်
ရင်မှာ ကြည်နူး၊ ဆွတ်ပျံ့မြူး၏
ထူးမြတ်သာစွ၊ ပသာဒတွင်
တစ်ဝကြည့်ရင်း၊ လယ်စိုက်ခင်းတွေ
ဝင်းဝင်းဖိတ်ဖိတ်၊ တောင်ထိပ်တောင်ခြေ
အောင်မြေထူးဘုံ၊ စေတီစုံတွေ
အာရုံထင်လင်း၊ ဖြူစင်ဝင်းနေ
ရင်တွင်းစွဲဆောင် ရန်ကင်းတောင်။

* နေမင်းကွယ်ပျောက်၊ ညချမ်းရောက်ချိန်
ရွှန်းတောက်စန္ဒာ၊ ကြယ်စုံသာ၏
တောင်ခြေစခန်း၊ ငွေဇာလွှမ်း၍
ချမ်းမြေ့ရိပ်မြုံ၊ တရားဂုဏ်ဖြင့်
ကြုံဆုံခြေချ၊ နေခွင့်ရပြီ
လောကသစ္စာ၊ ဖွေရှာရပြီ
သန္တိရသာ၊ ခံစားရပြီ
ဗုဒ္ဓနယ်မြေ ရန်ကင်းတောင် ။ ။

**မိုးမြေခင်(စဉ့်ကူး)**

## မှိုဥရှာဖွေရောင်းသူများ မိသားစုဝင်ငွေ ရရှိ

**ဗန်းမော် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမော်မြို့တွင် ပေါ်ဦးပေါ်ဖျားမှိုဥ(အင်ဥ)များ ယခုအခါ ရောင်းအားကောင်း၍ မှိုဥ(အင်ဥ)ရှာဖွေရောင်းချသူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေများ ရရှိကြသည်။

မှိုဥ(အင်ဥ)များကို နို့ဆီဘူး တစ်လုံးလျှင် ငွေကျပ် ၃၅၀၀ဖြင့် မြို့မဈေးကြီးနှင့် လွှစင်ကုန်းရပ်ကွက်ဈေးများတွင်ရောင်းချကြပြီး ဆိုင်ကယ်များဖြင့် တင်ဆောင်ကာ ရွှေသတ္တုတူးဖော်ကြသည့် ရွှေတွင်းများတို့၌ နို့ဆီဘူးတစ်ဘူးလျှင် ငွေကျပ် ၅၀၀၀ ထိ သွားရောက်ရောင်းချရကာ တစ်ရက်လျှင် ကျပ်တစ်သိန်း တစ်သိန်းခွဲထိရရှိသည်။

"ကျွန်မတို့က ဒီမှိုဥ(ခေါ်) အင်ဥကို တောထဲသွားပြီးတော့ ရှာဖွေရောင်းချတာပါ၊ ဒီဟာက စိုက်ပျိုးလို့ရတဲ့ဟာ မဟုတ်ဘူးလေ၊ သူ့အချိန်ရောက်မှ ဥတာပါ၊ ဟိုတုန်းကဆို၊ ကျွန်မတို့ဒေသမှာ အရမ်းပေါတယ်၊ အခုတော့ တွေတောင်တွေ၊ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးသွားကုန်တော့ ရှားပါးလာကုန်ပြီ၊ တစ်ခါတစ်ခါ တောထဲသွားရှာရင် ၄ ပြည် ၅ ပြည်လောက်တော့ရပါတယ်၊ နံနက်ခင်းမှာ မြို့ဈေးမှာတွေ ရောင်းတယ်၊ တခါတလေ ဖောက်သည် ဈေးနို့ဆီဘူးတစ်လုံးကို ငွေကျပ် ၃၅၀၀ နဲ့သွင်းထားတယ်၊ ဈေးထဲချရောင်းရင်တော့ ငွေကျပ် ၄၀၀၀ တော့ ရောင်းရပါတယ်၊ ခဏလေးဘဲကုန်တာ၊ ပေါ်ဦးပေါ်ဖျားဆိုတော့လေ၊ ပြီးတော့ ဒီမှိုဥက ကျွန်မတို့ဒေသက ရိုးရာအစားအစာဆိုတော့ အစားများကြတယ်၊ ဟင်းသစ်ဆိုလည်း ပြောလို့ရတာပေါ့နော်၊ မရောင်းရဘူးဆိုတာမရှိဘူး၊ အရင်းမစိုက်ရဘဲနဲ့ အသာတင် ဝင်ငွေရရှိတာပေါ့" ဟု မှိုဥရှာဖွေရောင်းချသူ ဆင်ကန်ရွာနေ ဒေါ်ကွမ်းလှကြည်က ပြောသည်။ မှိုဥ(အင်ဥ)များမှာ ကဆုန်လမှ ဝါဆိုလထိတစ်နှစ်လျှင် တစ်ကြိမ်သာ ထွက်ရှိပြီး တောတောင်ရေမြေလျှိုမြောင် စိမ့်စမ်းကောင်းသော အင်တိုင်းတောများအတွင်းတွင်သာ အဓိက ပေါက်ကြပြီး အခြားနေရာများ၌လည်း အနည်းငယ်ပေါက်ကြကာ ၆ လက်မ၊ ၇ လက်မရှိ အင်ပင်ပေါက်များအောက်၌ မြေသားကို လိုက်၍ မြေအမည်းဖြစ်ပါက မှိုဥမှာ အမည်းရောင်ရှိပြီး အတွင်းထဲမှ အနှစ်မှာလည်း အနက်ရောင်ရှိကာ မြေအရောင်အဖြူဖြစ်ပါက မှိုဥမှာ အဖြူရောင်ရှိပြီး အနှစ်မှာလည်း အဖြူရောင်ပေါက်ကာ ဥအရွယ်အစားမှာ အကြီးဆုံး ၅ မူးလုံးခန့်ရှိပြီး အဆိမ့်အရသာရှိသည်။ မှိုဥအား ဆားအနည်းငယ်ဖြင့် ပြုတ်၍လည်းကောင်း၊ ပါးပါးလှီး၍ ဆီပြန်ကြော်၍လည်းကောင်း ကန်စွန်းရွက်ဖြင့် ရောကြော်၍လည်းကောင်း၊ ဝက်သား၊ ကြက်သားများဖြင့် ဆီပြန်ချက်၍ လည်းကောင်း စားသုံးကြကြောင်း သိရသည်။

(၅၀၃)



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

**လှိုင်လင် ဇွန် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေးအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ လှိုင်လင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဇောလှိုင်နှင့်ဌာနဆိုင်ရာများ၊ အ.ထ.က(၂)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခမ်းအနား ဗီဒီယိုကလစ်ပြသသည်။ ဆက်လက်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြခန်းများ၊ စာအုပ်စာစောင်ပြခန်းများကို တက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုအားပေးလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ကျူးဘားသို့ လာရောက်မည့် ရုရှားစစ်သင်္ဘောများပေါ်၌ နျူကလီးယားလက်နက်တပ်ဆင်ထားမည်မဟုတ်



**ဟာဗားနား ဇွန် ၇**

မိမိတို့နိုင်ငံသို့ ဇွန်လလယ်တွင် လာရောက်မည့် ရုရှားစစ်သင်္ဘောများပေါ်၌ နျူကလီးယားလက်နက် တပ်ဆင်ထားမည်မဟုတ်ဟု ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၇ ရက်တွင် အတည်ပြုကြေညာကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

နျူကလီးယားစွမ်းအင်သုံး ကာဇန်ရေငုပ်သင်္ဘောကြီးနှင့် အခြားစစ်သင်္ဘောများသည် ရုရှားနှင့် ကျူးဘား နှစ်နိုင်ငံသမိုင်းဝင်ချစ်ကြည်ရေးအတွက် လာရောက်ကာ အပြည်ပြည်ဆိုင်ရာစည်းမျဉ်းဥပဒေအတိုင်း လိုက်နာကျင့်သုံးသွားမည်သာဖြစ်သည်ဟုလည်း အဆိုပါကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ ရုရှားစစ်သင်္ဘောများသည် အမေရိကန်နှင့် မိုင် ၉၀ ခန့်သာဝေးသော ကျူးဘားနိုင်ငံသို့ လာရောက်ရာတွင် ဟာဗားနားဆိပ်ကမ်းသို့ ဆိုက်ကပ်ပါက ကျူးဘားနိုင်ငံကို ဂုဏ်ပြုသောအားဖြင့် စစ်သင်္ဘောတစ်စင်းပေါ်မှ အမြောက် ၂၁ ချက် ပစ်ဖောက်ဦးမည်ဟု ဆိုသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်နှင့် ဂျာမနီကို ယူကရိန်းအရေးနှင့် ပတ်သက်၍ သတိပေးပြီးနောက် ထိုစစ်သင်္ဘောများကို ကျူးဘားသို့ စေလွှတ်မည့်သဘောဖြစ်သည်။

ဇွန် ၁၂ ရက် မှ ၁၇ ရက်အထိ ရုရှားစစ်သင်္ဘောများ ကျူးဘား၌ ရှိနေကြမည်ဖြစ်ကြောင်း သိရ သည်။

**Mon**




## လူကိုသေစေသော ကြက်ငှက်တုပ်ကွေးပိုး၏ မျိုးရိုးဗီဇအချက်အလက်ကို ဓာတ်ခွဲရှာဖွေနေ

**ဂျီနီဗာ ဇွန် ၇**

မက္ကဆီကိုနိုင်ငံတွင် အိတ်ချ်ဖိုက်အင်န်တူးကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသော အမျိုးသားတစ်ဦး မကြာသေးမီက သေဆုံးခဲ့ရသည်။

ယင်းတုပ်ကွေးရောဂါ ဖြစ်ပွားစေသော ပိုးမွှားသည် မူလအိတ်ချ်ဖိုက်အင်န်ဝမ်းရောဂါ ဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးမှ ဗီဇပြောင်းလာပြီး လူတို့ကို ကူးစက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ၎င်းကို ထိန်းချုပ်နိုင်စေရန် ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျိုးရိုးဗီဇအချက်အလက်ကို ဓာတ်ခွဲရှာဖွေနေကြောင်း သိရသည်။

**Mon**

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ



၆၅ ရက်အတွင်း တစ်ကြိမ်သီးပြီး ပြည်ပသို့ တင်ပို့ရောင်းချရန် ရည်မှန်းထားသည်ဆိုသော မလေးရှားနိုင်ငံ အာယာနာစိုက်ပျိုးရေးနည်းပညာကုမ္ပဏီက စိုက်ပျိုးထုတ်လုပ်ထားသည့် သခွားမွှေးသီးကြီးများကို တွေ့ရစဉ်။ **Mon**

## ဧဝရက်တောင်ထိပ်တွင် သန့်ရှင်းရေးလုပ်ဆောင် အမှိုက် ၁၁ တန်အထိ သိမ်းဆည်းရှင်းလင်းခဲ့ရ

**ခတ္တမန္ဒူ ဇွန် ၇**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်တွင် ဇွန် ၆ ရက်က သန့်ရှင်းရေးလုပ်ဆောင်ပြီးစီးခဲ့ရာ အမှိုက် ၁၁ တန်အထိ သိမ်းဆည်းရှင်းလင်းခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တောင်တက်သမားများက တောင်ထိပ်အထိရောက်အောင် သွားသောလမ်းကြောဖြစ်သည့် နှတ်ဆော၊ လော့ဆော၊ ဧဝရက်တောင်တန်းများတစ်လျှောက် စုပုံနေသော အမှိုက်များကို နီပေါစစ်သည်များက ၅၅ ရက်ကြာ သွားရောက်ရှင်းလင်းပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ရှင်းလင်းရာတွင် အမှိုက်များသာမက လူသေအလောင်းနှစ်လောင်းနှင့် လူအရိုးစုတစ်စုံတို့ကိုလည်း ကောက်ယူရရှိခဲ့ကြောင်း နီပေါစစ်တပ်က သတင်းထုတ်ပြန်သည်။

ဧဝရက်တောင်မှ အမှိုက်များကို မိမိတို့စစ်သည်များ သွားရောက်ရှင်းလင်းပေးခဲ့ရာ ငါးနှစ်အတွင်း အမှိုက် ၁၁၉ တန် သိမ်းဆည်းပေးနိုင်ခဲ့ကြောင်း ထိုသတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြသည်။

**Mon**



## စင်ကာပူနိုင်ငံ ဘီဒေါ့မြောက်ပိုင်းတိုက်တန်းတွင် မီးလောင်မှုဖြစ်ပွား၊ လူ ၁၀၀ ဘေးလွတ်ရာရွှေ့ပြောင်း

**စင်ကာပူ ဇွန် ၇**

စင်ကာပူနိုင်ငံ ဘီဒေါ့မြောက်ပိုင်း လူနေတိုက်တန်းတွင် ဇွန် ၆ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများ အခင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းအထပ်မြင့် လူနေတိုက်တန်း၏ ၇ ထပ်မြောက်ရှိ အိပ်ခန်းတစ်ခန်းအတွင်း အူထွက်နေသော မီးခိုးများတွေ့သဖြင့် မီးသတ်သမားများ ချက်ချင်းငြိမ်းသတ်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ ထိန်းချုပ်နေစဉ် တိုက်တန်းရှိ လူ ၁၀၀ ကို မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**Mon**



## မိုဒီကြောင့် စတော့ဈေးကွက် ပျက်ပြားခဲ့သည်ဟု အိန္ဒိယအတိုက်အခံခေါင်းဆောင် စွပ်စွဲပြောဆို

**ဒေလီ ဇွန် ၇**

နာရင်ဒရာမိုဒီကြောင့် ပြည်တွင်းစတော့ဈေးကွက် ပျက်ပြားခဲ့သည်ဟု ကွန်ဂရက်စ်ပါတီမှ အိန္ဒိယအတိုက်အခံခေါင်းဆောင် ရာဟူးလ်ဂန္ဒီ ဇွန် ၆ ရက်တွင် စွပ်စွဲပြောဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇွန် ၄ ရက်၌ ရွေးကောက်ပွဲရလဒ် ထွက်ပေါ်လာပြီးလျှင် စတော့ဈေးနှုန်းများ မြင့်တက်လာနိုင်သဖြင့် ဝယ်ပြီး လက်ဝယ်ထားရှိကြရန် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီကိုယ်တိုင် သတင်းလွှင့်သလိုပြုမူခဲ့ကြောင်း ရာဟူးလ်ဂန္ဒီက အတိအလင်းစွပ်စွဲသည်။

စတော့ အရောင်းအဝယ်နှင့် ပတ်သက်၍ မိုဒီကသာမက ဘီဂျေပီပါတီထိပ်ပိုင်းခေါင်းဆောင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဟောင်း အမစ်ရှား၊ ဘဏ္ဍာရေးဝန်ကြီးဟောင်း နီရ်မာလာစီသာရာမန်တို့ကလည်း အလားတူ ဝါဒဖြန့်တိုက်တွန်းခဲ့သည်ဟု ၎င်းက ဆက်လက်စွပ်စွဲပြောဆိုသည်။

ထိုစွပ်စွဲချက်ကို လူပုဂ္ဂိုလ်တစ်ဦးချင်းစီက တုံ့ပြန်ဖြေရှင်းခြင်းမရှိသော်လည်း စွပ်စွဲချက်မဟုတ်မှန်ကြောင်း ဘီဂျေပီပါတီက ထုတ်ဖော်ကြေညာခဲ့သည်။

**Mon**

0-0-0-0-0




## ချန်ဂီ ၆ တရုတ်လဆင်းယာဉ် လုပ်ငန်းများပြီးစီး၊ ဇွန် ၂၅ ရက်၌ ကမ္ဘာမြေသို့ ပြန်ရောက်လာမည်မျှော်မှန်း

**ပေကျင်း ဇွန် ၇**

ချန်ဂီ ၆ တရုတ်လဆင်းယာဉ် လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သဖြင့် အပြန်ခရီးအတွက် ဇွန် ၆ ရက်တွင် အသင့်ရှိနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လမျက်နှာပြင်ပေါ်မှ မြေသားနမူနာကို ဇွန် ၄ ရက်တွင် စုဆောင်းရယူ၍ မိခင်အာကာသယာဉ်ရှိရာသို့ ပို့ကာ လုပ်ငန်းများပြီးစီးသွားပြီဖြစ်သဖြင့် ဇွန် ၂၅ ရက်၌ ကမ္ဘာမြေသို့ ပြန်ရောက်လာမည်မျှော်မှန်းကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါ အာကာသယာဉ်အတွင်း မွန်ဂိုလီးယားဒေသအတွင်းသို့ ဆင်းသက်ရောက်ရှိလာစေရန် တရုတ်အာကာသစီမံခန့်ခွဲရေးအဖွဲ့က စီစဉ်ထားသည်။

အမေရိကန် အာကာသစူးစမ်းလေ့လာရေးအဖွဲ့အကြီးအကဲ ဘီလ်ဇီလ်ဆင်က တရုတ်လဆင်းယာဉ် ချန်ဂီ ၆ နှင့် ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သော်လည်း တရုတ်နိုင်ငံ၏ သတင်းထုတ်ပြန်မှု ပွင့်လင်းမြင်သာခြင်းမရှိသည့်အချက်ကို ဝေဖန်ထောက်ပြခဲ့ကြောင်း သိရသည်။

**Mon**



# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

(၂-၆-၂၀၂၄)ရက်မှ အဆက်

ပုဂ္ဂလိကလုပ်ငန်းဝန်ထမ်းဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းဖြစ်စေ အဓိကလိုအပ်သည့် အခြေခံစိတ်ဓာတ်ကောင်းကို မွေးမြူ၍ အောက်ပါ ဆောင်ရွက်မှုကို ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ (၁)စိတ်ကောင်းစေတနာရှိခြင်း (မိမိလုပ်ဆောင်သော လုပ်ငန်းဌာနနှင့် ပတ်ဝန်းကျင် ဝန်ထမ်းများအပေါ် ကိုယ်ချင်းစာတရားထားရှိပြီး မည်သည့်လုပ်ငန်းတွင်မဆို မှန်ကန်ကောင်းမွန်အကျိုးရှိသည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်နှင့် အများအကျိုးဆောင်ရွက်လိုစိတ်)၊ (၂)မိမိအလုပ်အပေါ် တာဝန်ကျေပွန် သစ္စာရှိခြင်း၊ (မိမိ၏အလုပ်ဌာန ပျက်စီးရာပျက်စီးကြောင်း၊ အခက်အခဲဖြစ်ရာဖြစ်ကြောင်း၊ အကျိုးမဲ့ရာမဲ့ကြောင်း မည်သည့်အခါမျှ မဆောင်ရွက်မလုပ်ကိုင်ဘဲ မိမိ၏လုပ်ငန်းတာဝန်ကို ဦးလည်မသုန် ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်လိုသည့်စိတ်)၊ (၃)မိမိလုပ်ကိုင်ခဲ့သည့်လုပ်ငန်းအပေါ်တွင် ကောင်းမွန်အသုံးဝင်သော မှတ်တမ်းမှတ်ရာနှင့် ဆောင်ရွက်သင့်သည်များအား မှတ်တမ်းပြုစု၍ အထက်တာဝန်ရှိသူနှင့် အောက်လက်ဝန်ထမ်းများအား သိရှိစေခြင်း၊ မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။ ထိုအချက်များကိုလည်း ကိုယ်တိုင်ဆောင်ရွက်နိုင်ခဲ့၍ ဖော်ပြရခြင်းဖြစ်သည်။

မိမိ မန္တလေးနို့ထွက်ပစ္စည်း ဖွံ့ဖြိုးရေးစီမံကိန်း (M.D. D.P) စက်မှုအင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က စက်ရုံတည်ဆောက်ရေးနှင့် ပတ်သက်လျှင် မိမိဌာနအတွက်သာမက ဘေးနံဌာနများလိုအပ်ပါက အချိန်မရွေး ကူညီဆောင်ရွက်ပေးခြင်း ဝန်ထမ်းများအတွက် ကိုယ်ချင်းစာစိတ်ဖြင့် သက်သာချောင်ချိရေးနှင့် အခြားကိစ္စများတွင် ကိုယ်ကျိုးမဖက်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံခြားသား ပညာရှင်များ၏ အခက်အခဲများကို မိမိ၏ မှတ်သားထားသော မှတ်တမ်းမှတ်ရာများဖြင့် ကူညီ နိုင်ခဲ့ခြင်း၊ နိုင်ငံခြားသားပညာရှင်၏ အရေးကြီးစက်ပစ္စည်းနှင့် အချက်အလက်မှတ်တမ်းများအား ကူညီထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုအချက်အလက်များအား တိုင်း·သ·မမှ အထူးအဖွဲ့အဖြစ် စေလွှတ်သော လုံ/စည်းခေါင်းဆောင် ဦးမြစိမ်းက မှတ်တမ်းနေ့စဉ်တင်ပြကြောင်း နောက်မှသိခဲ့ရသည်။ ဩစတြေးလျမှ လာရောက်သော လျှပ်စစ်ပညာရှင် Mr.Glover၏ ပျောက်ဆုံးပျက်စီးမှတ်တမ်းနှင့် အချက်အလက်များအစား မိမိသီခြားမှတ်တမ်းပြုစုထားသော အချက်အလက်များကြောင့် သတ်မှတ်ရက်အချိန်မီ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့သည်။ မိမိသီးခြားထိန်းသိမ်းထားသော ကွန်ပျူတာထောက်ကူပြုပစ္စည်းများကလည်း များစွာအထောက်အကူပေး နိုင်ခဲ့သည်။ ထို့ကြောင့် Mr. Glover က တစ်ဦးတည်း သီးခြားဂုဏ်ပြုခဲ့သည်။ ထိုစဉ်က တက္ကသိုလ်များ ပိတ်ထားသည့်ကာလဖြစ်၍ ပညာရေးတစ်ပိုင်း တစ်စမှန်းသိ၍ ပညာရေးတွင် အထောက်အကူပြုစေမည့်စရိတ်နှင့် စက်ဘီးတစ်စီး ဂုဏ်ပြုပေးသည်။ သူ၏ လုပ်ငန်းအပ်နှံပြီးစီးမှ ဂုဏ်ပြုပေးခြင်းဖြစ်သည်။ (ထိုစဉ်က ဗိုလ်မှူးချုပ် အေဘာယ်လ်သည် လစဉ်လာရောက်စစ်ဆေးတွေ့ဆုံလေ့ရှိသည်။) ထိုစဉ်က စက်မှုအင်ဂျင်နီယာဌာနတွင် အသက်အငယ်ဆုံး၊ ပညာရေးတစ်ပိုင်းတစ်စနှင့် လုပ်ကိုင်နေသူဖြစ်သော်လည်း ငယ်စဉ်မှစ၍ အတွေ့အကြုံရှိခဲ့သော မက္ကင်းနစ်လုပ်ငန်းခွင်များ၊ ငယ်စဉ်ကပင် ညီအစ်ကိုပမာ အတူအိပ်၊ အတူစား နှစ်အိမ်တစ်အိမ်နေခဲ့သော AE ကိုစိုးတင့်(နောင်တွင် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ် တပ်ရင်းမှူး)၏ သင်ပြမှု၊ ဌာနမှူး အင်ဂျင်နီယာ ဦးတင်မြင့် (ဗမ(ငြိမ်း))တို့၏ ယုံကြည်စွာတာဝန်ပေးမှုကြောင့် မိမိဆောင်ရွက်နိုင်သည့်အဆင့်ထက် များစွာကျော်လွန် ဆောင်ရွက်နိုင်ခဲ့သည်။ (၈၈ အရေးအခင်းပြီးနောက် တာဝန်ရှိသူအချို့အား သက်ဆိုင်ရာမှ ခေါ်ယူစစ်ဆေးခြင်းခံရသည်။ ထိုအမည်စာရင်းတွင် မိမိအမည်လည်းပါသည်။ မိမိ၏ အသေးစိတ်ထိန်းသိမ်းထားသော မှတ်တမ်းများကြောင့်လည်းကောင်း၊ အင်ဂျင်နီယာ ဌာနမှူးနှင့် အခြားလူကြီးများ၏ မိမိအတွက် တာဝန်ခံပေးမှုများကြောင့်လည်းကောင်း၊ အစစ်အဆေးခံရခြင်းမှ လွတ်ကင်းခဲ့သည်။) ထို့နောက် ရာထူးတိုးမြှင့်ခံစားခွင့်ပြုခဲ့သော်လည်း အငြိမ်းစားယူ နေရပ်ပြန်မည့် မိဘများအား စိတ်မချခြင်း၊ ပညာဆက်လက်သင်ယူလိုခြင်းတို့ကြောင့် တာဝန်မှ အနားယူခဲ့သည်။ စိတ်ကောင်းစေတနာရှိခြင်း၊ အလုပ်အပေါ် တာဝန်ကျေပွန် သစ္စာရှိခြင်း၊ လုပ်ငန်းအပေါ် မှတ်တမ်းထားရှိခြင်းဟူသော ကောင်းမွန်သည့် အခြေခံအချက်များကို လိုက်နာသောကြောင့် မိမိနှင့် ပတ်ဝန်းကျင်ကောင်းကျိုးများကိုသာရစေသည်မှာ သာဓကပင်ဖြစ်သည်။

မိမိက ဒူးကန်းဒေသတွင် စေတနာကျောင်းဆရာလုပ်ခဲ့စဉ်ကလည်း ရွာသားများအပေါ် စေတနာထားမှု၊ ရပ်ရွာအကျိုး စိတ်ပါဝင်စားစွာ ဆောင်ရွက်မှုတို့ကြောင့် ရပ်ရွာနှင့် သက်ဆိုင်ရာ နယ်မြေစိုးမိုး (တပ်မတော်) တာဝန်ရှိသူတို့၏ ယုံကြည်လေးစားမှုခံခဲ့ရသည်။ အညိုရောင်နယ်မြေ ဖြစ်သဖြင့် ရံဖန်ရံခါ ဒေသခံလက်နက်ကိုင်များနှင့် လည်း ဆုံရသည်။ နောက်ပိုင်းတွင် ဒေသခံလက်နက်ကိုင်အဖွဲ့၏ အသက်အန္တရာယ် ခြိမ်းခြောက်မှုကြောင့် နယ်မြေခံ တပ်စခန်းကုန်းတွင် လနှင့်ချီ၍ နေခဲ့ပြီး အခြေအနေအရ မန္တလေးသို့ ပြန်ခဲ့ရသည်။ မိမိ၏ စေတနာ မေတ္တာကိုသိသော ရွာသူ၊ ရွာသားများနှင့် တပ်စခန်း၏ကျေးဇူးကြောင့် အသက်ဘေး လွတ်ခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ကျောင်းဆရာဘဝ တစ်ခန်းရပ်ခဲ့ရပြန်ပေသည်။ မန္တလေးမြို့သို့ ပြန်ရောက်ရောက်ခြင်းမကြာမီ တက္ကသိုလ်များ ပြန်ဖွင့်မည်ဆိုသော သတင်းရသည်။ မိမိ၏ ရှည်လျားပြီး မပြီးဆုံးသေးသည့် ပန်းချီကားတစ်ချပ်ကို ဆက်လက်ရေးရပေဦးမည်။ တက္ကသိုလ် ဆက်တက်ဖြစ်အောင် တက်ရဦးမည်။ မန္တလေး တက္ကသိုလ် မဖွင့်ခင် မိဘရှိရာ မော်လမြိုင်သို့ ခေတ္တပြန်၍ တွေ့ဆုံကန်တော့ဖြစ်သည်။ မော်လမြိုင်မြို့၊ ဈေးကြို၊ ဆန်တန်းခြံကြီးစုထဲမှ မိဘတို့၏ ခြံထဲရောက်သည်နှင့် မန္တလေးသို့ ကျောင်းသွားမတက်မီအချိန်အတွင်း ခြံထဲမှလုပ်ငန်းများကို လုပ်ပေးနိုင်သမျှ လုပ်ပေးရန် ပြင်ဆင်သည်။ ခြံထဲတွင် ပိန္နဲပင်၊ ခရင်းပင်၊ ဆူးပုတ်ရုံ၊ ကင်ပွန်းချဉ်ပင်များ ရှိပြီးဖြစ်သည်။ ရှည်လျားလှသော ခြံစည်းရိုးတစ်လျှောက် ဝါးပိုးဝါး၊ မျှင်ဝါး၊ နီးဝါး၊ ဝါးဒလက်၊ ကြခတ်ဝါးစသည့် ဝါးရုံများရှိသည်။ ခြံထဲမှ ဝါးပိုးပင်များသည် ဖခင် ဖြစ်သူ၏ ရှင်းလင်းပြုပြင်မှုကြောင့် သန့်စွမ်းဖြောင့်တန်းလှသဖြင့် ပင်လယ်ထွက်မည့် ငါးဖမ်း လှေသမားတို့က ရွက်တိုင်လုပ်ရန် ဈေးကောင်းပေး ဝယ်ယူကြသည်။ ဝါးရောင်းရငွေ၊ သီးပင်စားပင်များက ရရှိသောဝင်ငွေနှင့် ဖခင်၏ ပင်စင်ပေါင်းလျှင် မိသားစုထမင်းဝိုင်း အဆင်ပြေခဲ့သည်။

ခြံထဲမှ လိုအပ်ချက်ကိုကြည့်ရာ ရေတွင်းတစ်တွင်းတည်းသာရှိ၍ နွေရာသီတွင် အပင်များရေပေးရန် အချိန်ပေးရေတင်နေရသဖြင့် တစ်တွင်းအသစ်တူးနိုင်လျှင် အဆင်ပြေမည်ဖြစ်သဖြင့် ရေတွင်းတူးရန် ပြင်ဆင်ရတော့သည်။ မိမိကျောင်းနေရင်း အလုပ်လုပ်ရင်း ရှာဖွေစုဆောင်းမိသည့် အနည်းငယ်သော ဝင်ငွေကလေးဖြင့် မိဘတို့ကို ကန်တော့ပြီးပြီ။ ညီအစ်ကိုနှစ်ယောက် ရေတွင်းတူးသူများကို စုံစမ်းရာ ဈေးနှုန်း မြင့်မားလှသဖြင့် ကိုယ်တိုင်တူးကြရန် တိုင်ပင်ခဲ့သည်။ ဖခင်ဖြစ်သူက ရေတွင်းတူးရတာ ပင်ပန်းမယ်၊ ငှားတူးခိုင်းလိုက်ပါပြောသော်လည်း အကုန်အကျ သက်သာစေရန် ကိုယ်တိုင်တူးကြမည်ဖြစ်ကြောင်းပြော၍ ဖခင်အား ရေထွက်နိုင်မည့်နေရာ ခြံထဲတွင် ရှာဖွေပြီး နေရာသတ်မှတ်ပေးစေသည်။ မော်လမြိုင်မြို့ဝန်းကျင်ရှိ ရေတွင်းများမှာ အဝကျယ်တူးပြီး ထွက်ရှိလာသောရေကို ဝါးပိုးဝါးရင်းတွင် ဝိတ်တုန်းတပ်၊ အဖျားတွင် ဝါးဖြောင့်တစ်ချောင်းကို တွဲ၍ ရေပုံးချိတ်ကာ ခပ်ယူရသော မောင်းတက်ဖြင့် ရေခပ်ရသော တွင်းပက်လက်မျိုးဖြစ်သည်။

များသောအားဖြင့် ရေခမ်းချိန်နွေရာသီတွင် ဝါးတစ်ပြန်ခန့်ထိကျော်အောင် ရေငင်ရသည်။ ကျွန်တော်တို့ ရေတွင်းတူးမည့်ကာလသည် မိုးကုန်လုကာလဖြစ်သည်။ ခြံထဲမှ မြေအမျိုးအစားက အပေါ်ယံ ၁၈ လက်မခန့်သာ မြေသားရှိပြီး အောက်တွင် သင်ပုန်းကျောက်လွှာနှင့် ဂဝံလွှာများသာဖြစ်သည်။ ရေတွင်းစတင်တူး၍ ဒူးမမြုပ်ခင်တွင်စ၍ ပြဿနာတက်သည်။ ကျောက်သားလွှာပေါ်လာပြီး ပေါက်ချွန်းတစ်ချက်ပေါက်တိုင်း ကျောက်စများစင်၍ ညို့သကျဉ်းတွင် သွေးချင်းချင်းနီခဲ့သည်။ ခြံနီးချင်း ခြံလုပ်သားကြီးများက ကျောင်းသားတွေ အတွေ့အကြုံမရှိ မတူးကြနဲ့ ပင်ပန်းပါတယ်ဟု တားကြသည်။ မဖြစ်မနေတူးမည်ဟူသော စိတ်ဖြင့်ဆက်တူးကြသည်။ မီးရထားသံလမ်းကော်သော သံတိုင်ကြီးဖြင့် ကျောက်သားကိုခွဲလျှင် သံတိုင်၏အလေးချိန်ဖြင့် ကျောက်သားကို ခွဲနိုင်သည်ကိုတွေ့ရသည်။ သံတိုင်၏ အလေးချိန်ကလည်း လက်နှစ်ဖက်ဖြင့် ခြောက်လက်မ မြောက်အောင် မနည်းမ,ရသည်။ ခွဲဖြင့် သံတိုင်ကို မ,လိုက်၊ စိုက်ချလိုက်ဖြင့် ကျောက်သားများကို ခွဲရသည်။ ကျောက်စစင်၍ ညီအစ်ကိုနှစ်ဦးလုံး၏ ခြေသားလုံးတွင် သွေးချင်းချင်းနီခဲ့သည်။ လူတစ်ရပ်မြုပ်တူးပြီးသောအခါ မြေစာကျောက်သားများကို မ,ယူရသက်သာအောင် မောင်းတက်ဆင်၍တူးပြီး ကျောက်သားမြေသားများကို ကျင်းအပေါ်တင်ရသည်။ ငါးပေ၊ လေးပေခန့်အကျယ်ဖြစ်၍ အတော်တူးရသည်။ ခြံထဲမှ အခြားရေတွင်း၏ ရေတက်အနက်ကိုကြည့်ရာ လူတစ်ရပ်ကျော်ထိ တက်နေကြောင်းတွေ့၍ ရေတစ်ထွာခန့်တွင်တူးလျှင် ကျောက်စစင် သက်သာမည်ဖြစ်ကြောင်း တွေးမိသည်။ မိုးကုန်ပြီဖြစ်၍ ရေက တဖြည်းဖြည်းကျနေပြီ။ ရေအကျကို အမှီလိုက်တူးရန် ဆုံးဖြတ်ပြီး မနားမနေတူးကြသည်။ လက်ခုပ်တစ်ဖောင်ခန့်တွင် ရေတွေ့သည်။ မနားမနေ ဆက်တူးကြသည်။ ရေအကျနှင့်ချိန်၍ တူးကြသည်။ ဒူးဆစ်မြုပ် ရေရသည်အထိတူးရာ ပို၍သက်သာလာသည် ဂဝံကျောက်ဥကြီးများတွေ့လျှင် ဒုက္ခရောက်သည်။ သံခဲကဲ့သို့မာသည်။ မခွဲနိုင်သဖြင့် အလုံးလိုက်ရအောင် အပေါ်တင်ရသည်။ နှစ်ရပ်ခန့်နက်သောအခါ မြေစာကျောက်စာ အတင်တွင် သတိထားရသည်။ ဆီးစေ့ခန့် ကျောက်စကျလျှင်ပင် အောက်မှတူးနေသူမှာ ပြင်းထန်စွာ နာကျင်ရသည်။ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားရသည်။ ထိုနည်းဖြင့်တူးရင်း ဝါးတစ်ထောက်မက အနက်ကိုရ၍ ရေငြိမ်လာသည်ကို တွေ့ရသည်။ နွေရာသီရေ အကျဆုံးအချိန်တွင် ရေအနက် ရင်ခေါင်းခန့်ရအောင် တူးရသည်။ သို့မှအဆင်ပြေမည်ဖြစ်သည်။ မိုးရွာလာလျှင်မူ တွင်းနှုတ်ခမ်းထိ ရေအပြည့်တက်သည်။ လေးထောင့်စပ်စပ် ဝါးတစ်ထောက်မက နက်သော မိမိတို့ ညီအစ်ကိုနှစ်ဦးတူးသည့် ရေတွင်းကို ကြည့်မဝ၊ ရေချိုရသည်။ ကျောက်ကြားမှ ရေဖြစ်သဖြင့် အေးမြလှသည်။ ချိုးရေ၊ သောက်ရေ၊ အပင်ရေပေးဖို့ လုံလောက်ပြီ။ မိသားစုအတွက် လိုအပ်သော တာဝန်တစ်ခု ထမ်းနိုင်သဖြင့် ဝမ်းသာခဲ့ရသည်။

ရေတွင်းအပြီး နားနားနေနေကာလ မိသားစုစကားဝိုင်းတွင် ဖခင်ဖြစ်သူက ထူးဆန်းသော စကားတစ်ခွန်းကို ပြောလာသည်။ "ငါ့သားတို့အတွက် လက်ဆောင်ပေးမယ်။ အဲ့ဒီလက်ဆောင်ကလည်း ငါ့သားတို့ ကိုယ်တိုင်လုပ်ရမှာ"တဲ့။ လုပ်ပါမည့်အကြောင်းပြောရာ ဖခင်က စာအုပ်ထဲတွင် နေ့စဉ်ကြုံတွေ့ရသမျှထဲမှ၊ ဖတ်ရှုရသမျှထဲမှ၊ နာကြားရခဲ့သမျှထဲမှ အနှစ်သက်ဆုံးတစ်ခုကို စာသုံး၊ လေးကြောင်းမျှ စာအုပ်ထဲတွင် နေ့စဉ်ရေးသားပါတဲ့။ ကတိပေး၍ ဆောင်ရွက်ပါမည်ပြောရာ၊ ဖခင်က မင်းတို့ရဲ့ရေတွင်းတစ်တွင်းကို ပြီးဆုံးအောင် ခွဲ၊ လုံ့လ အပြည့်လုပ်ဆောင်ချက်ကို ကြည့်ပြီး ငါ့လက်ဆောင်ပေးတာ။ ဉာဏ်ရှိသလို သုံးကြပေတော့တဲ့။ မန္တလေးကို ကျောင်းတက်ဖို့မပြန်ခင် အုန်းပင်တွေက ခုတ်ထားတဲ့ အုန်းလက်တွေ အလကားမဖြစ်အောင် အမိုးမိုးဖို့ ဖက်ထိုး ဖက်ပြစ်ခဲ့ကြသည်။ မီးဖိုဆောင်အမိုးမှ ဆွေးနေသော ဝါးတိုင်များအား ဝါးပိုးအသစ်ခုတ်၍ လဲပေးသည်။ ဆွေးနေသော အမိုးဖက်များဖြုတ်၍ ကိုယ်တိုင်ထိုးထားသောဖက်များ မိုးသည်။ မိမိတို့ကိုယ်တိုင် နေထိုင်နိုင်မည့် အိမ်ဝါးတိုင်ထူ၊ ပျဉ်ခင်း၊ ဖက်မိုး ထရံကာအား ပျဉ်ခင်းမျှသာဝယ်၍ ကိုယ့်ခြံထွက်ဖြင့် အဆောက်အအုံဆောက် အမိုးကိုယ်တိုင်ထိုးသော ဖက်ဖြင့်မိုး၊ ကိုယ်တိုင်စိုက်သော အသီးအရွက်ကိုစား၊ ကိုယ်တိုင်တူးသော ရေတွင်းကို သောက်ရပြီ၊ စိတ်ချမ်းသာလှသည်။ သင်ကြားပေးသော ဖခင်ကို ကျေးဇူးတင်လှသည်။ နီးဖြာ၊ နီးတုပ်မှစ လက်ကျအောင် သင်ပေးခဲ့သည်။ မိမိနေသော မိသားစုအိမ်အတွက် မိမိတို့ တာဝန်ကျေအောင် ထမ်းဆောင်နိုင်ခဲ့သည်။ ဖခင်ဖြစ်စေလိုသော ပညာတတ်ကြီး ဖြစ်စေရန် ကိုယ့်လုပ်အားဖြင့် ကိုယ့်စရိတ်ကိုယ်ရှာ ကျောင်းတက်ရန် ဆက်လက်ချီတက်ရဦးမည်ဟုတွေးရင်း အားမာန်အပြည့်ဖြင့် ကျောင်းဖွင့်ရက်ကို မျှော်နေမိသည်။

(ဆက်လက်ဖော်ပြပါမည်။)

## ကုန်အမည် လုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်(၇၂၂)နေထိုင်သူ ကုန်အမှတ်တံဆိပ်ပိုင်ရှင် ဦးဇော်မျိုးထက် (ဘ)ဦးရှောင်စိန်(ခ)ကျန့်ဟောက်(၉/ခအဇ(နိုင်)၀၁၆၉၉၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

| CHOC. | UUBUY MYANMAR | KUSA |
|---|---|---|
| မှတ်ပုံတင်စာချုပ်အမှတ် (၁၆၆၅/၂၀၂၄) | မှတ်ပုံတင်စာချုပ်အမှတ် (၁၆၆၆/၂၀၂၄) | မှတ်ပုံတင်စာချုပ်အမှတ် (၁၆၆၇/၂၀၂၄) |

အထက်တွင် ပူးတွဲဖော်ပြပါရှိသည့် "CHOC. "cosmetics & trendy, "UUBUY MYANMAR", "KUSA" အမည်ရှိ အလှကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းကို အထက်တွင် အမည်ပါရှိသော ကျွန်ုပ်၏မိတ်ဆွေမှ ကောင်းသတင်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ "CHOC."cosmetics & trendy, "UUBUY MYANMAR","KUSA"အမည်ရှိ အလှကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်း အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်း၏ အမည်စာသားအမှတ်တံဆိပ်ကို ကျွန်ုပ်၏မိတ်ဆွေမှ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနရုံး၌(၈-၅-၂၀၂၄)ရက်တွင် အသီးသီးမှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တုပခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍ လုပ်ငန်းများဆောင်ရွက်ခြင်းမပြုလုပ်ပါရန် အတိအလင်းကြေညာလိုက်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအတွက် မည်သူ့ကိုမဆို လျော်ကြေးငွေများ တောင်းခံခြင်း၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသာထက်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၉၇၂၄၉၄၁၀၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၀)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် အရာခံဗိုလ်တင်မောင်အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမင်းငွေ(ဘ)ဦးအိုက်လျှံ(၁၃/တယန(နိုင်)၀၁၉၄၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဒေါ်သန္တာဆွေ (LL.B) | ဦးမြတ်စိုးဦး (LL.B) | ဦးဝေဖြိုးအောင် (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၂-၅၁၅၄၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကျောက်ဖားရပ်၊ အိမ်အမှတ်(၁၇)၊ မြေဧရိယာ (၀ ဒသမ ၀၃၉)ဧက ရှေ့နောက်(၄၅)ပေ၊ တောင်မြောက်ပေ(၆၀)ရှိ မြေကွက်နှင့် အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်သူ ဒေါ်ခင်အေး (ခ) ဒေါ်ခင်အေးကြည်(၉/MGK(နိုင်)၁၉၉၄၆၄)ထံမှ ကျွန်ုမ၏မိတ်ဆွေက ဝယ်ယူရာတွင် စရံငွေတချို့တစ်ဝက်ကို ပေးအပ်ထားပြီးဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက မြေကွက်၏ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက်ပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **ဦးဝေနှ၏ လွှဲအပ်ညွှန်ကြားချက်အရ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
|---|---|
| **ဦးဝေနှ(ဘ)ဦးလှမောင်** | **ဒေါ်အေးအေးအောင်** |
| **၉ /မကန(နိုင်)၁၂၅၀၇၄** | **တရားလွှတ်တော်ရှေ့နေ** |
| **ကျပ်ပြင်ရပ်၊ မိုးကုတ်မြို့။** | **၇၁ လမ်းနှင့် ၇၂လမ်းကြား၊ ၃၉လမ်းနှင့် လမ်း ၄၀ ကြား၊ ဇော်မိပင်ဘုရားမြောက်မုခ်၊ အကွက်–၆၉၃၊ မဟာအောင်မြေမြို့နယ်** |
| | **ဖုန်း ➤ ၀၉-၄၃၀၁၃၅၂၀၊ ၀၉-၂၅၉၀၉၀၃၇၅** |

မြို့တွင်း တစ်နာရီ မိုင်(၃၀)
(၄၈)ကီလိုမီတာထက်
ပိုမမောင်းရ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၆)၊ ဦးပိုင်အမှတ်(၈၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကျော်လင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်တစ်ထပ်ခွဲအဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူများဖြစ်သော ၁။ ဒေါ်ကြာဟီးသား(ဘ)ဦးထန်ကက်ပ် (၄/ဟခန(နိုင်)၀၀၈၃၇၇)ကိုင်ဆောင်သူနှင့် ၂။ ဦးဘန်ကွေကျုံးဘိစ်(ဘ)ဦးထန်ကက်ပ်(၉/ပကခ (နိုင်)၀၁၃၄၉၄)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်အမှတ်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်အမှတ်(၉၂)၊ ဧရိယာ(ပေ ၄၀ × ပေ ၃၀) အကျယ်အဝန်းရှိ ဦးကံလှ အမည်ဖြင့် ချထားရရှိထားသော စလစ်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း၊ ဧရိယာ(၁၅ ပေ×ပေ ၄၀) အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေအစိတ်အပိုင်းပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီးမီတာ) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချထားရရှိသူထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးတိုးတိုး (ဘ)ဦးရွှေခဲ(၉/မနတ(နိုင်)၀၈၅၀၆၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်စန္ဒီသန့်ဇင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**၁၀၈လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ (၅၆–B)လမ်းသွယ်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၈၉၇၈၉၂၄၅၊ ၀၉-၇၇၇၂၂၂၃၅၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်(စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၈)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့်(ဘ)ဦးစိန်ထွန်း (၅/စကန(နိုင်)၁၂၃၂၁၅)အမည်ပေါက်မြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ(ပေ ၃၀×၄၅ပေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၊ (မီး)မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ရွှေရည်ဝင်း(ဘ)ဦးဝင်းညိမ်း (၅/ဝလန(နိုင်)၁၅၈၂၂၄)ကိုင်ဆောင်သူထံတွင် ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား အပိုင်အဆုံးလက်ရောက်ဝယ်ယူရန်အတွက် သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်စိုး(LL.B )(တရားလွှတ်တော်ရှေ့နေ)**
**အိမ်အမှတ်(ဆ–၁၁/ ၂၅)၊ မြို့သစ်(၂)ရပ်ကွက်၊ လမ်း ၇၀၊ ၁၀၉လမ်းနှင့်၁၀၉**
**(ဘီ)လမ်းအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၄၄၆၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်အမှတ်(၅၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးတင်မောင်အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မေသက်ထွန်း(ဘ)ဦးထွန်းရွှေ(၉/မရမ(နိုင်)၀၀၁၂၁၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဒေါ်သန္တာဆွေ (LL.B) | ဦးမြတ်စိုးဦး (LL.B) | ဦးဝေဖြိုးအောင် (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၂-၅၁၅၄၅၄၁**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင် အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် ပြုလုပ်ခြင်းဖြစ်၊ အဖျက်သမားများကို လူထုအားဖြင့် ဆန့်ကျင်ရန်လို

နေပြည်တော် ဇွန် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာ တာဝန်များအလိုက် လုပ်ငန်းများ အောင်မြင်တိုးတက်မှုများကို Check၊ Recheck၊ Counter Check ပြုလုပ်နေရန်လိုကြောင်း၊ ရှေ့လုပ်ငန်းစဉ်တစ်ချက်ချင်းအလိုက် ဖြည့်ဆည်းရန်နှင့် လုပ်ဆောင်ရန်ကျန်ရှိသည်များကို ကျရာတာဝန်များအလိုက် တတ်နိုင်သလောက် ဆောင်ရွက်သွားရန်လိုကြောင်း။

ရှေ့လုပ်ငန်းစဉ်၏ ပထမအချက်ဖြစ်သည့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် လုံခြုံတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများအနေဖြင့် အကြမ်းဖက်လုပ်ရပ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကို အကြောင်းအမျိုးမျိုးဖြင့် တိုက်ရိုက်နှင့် သွယ်ဝိုက်၍ အကူအညီများပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးအတွက် တာဝန်ထမ်းနေခြင်းပင်ဖြစ်ကြောင်း၊ ၎င်းတို့အတွက် သက်စွန့်ဆံဖျား စရိတ်များကို တိုးမြှင့်ပေးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထောက်ပံ့မှုများ တိုးမြှင့်ပေးခဲ့သကဲ့သို့ အခြားနိုင်ငံ့ဝန်ထမ်းများကိုလည်း ထောက်ပံ့မှုများပိုမို ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

**စိတ်ထားသေးသိမ်သည့်လုပ်ရပ်**

လုံခြုံရေးနှင့်ပတ်သက်၍ အချို့ဒေသများတွင် ငြိမ်းချမ်းမှုကို လိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီး သောင်းကျန်းသူများထံပေးပို့မည့် လက်နက်၊ ခဲယမ်းများကို တားဆီးပိတ်ဆို့နိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်ဒေသများရှိ မြို့ရွာများပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့လက်လွှတ်ခဲ့ရသော မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်းများသည် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များပျက်စီးအောင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အလွန်စိတ်ထားသေးသိမ်သည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သော်လည်း အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးကိစ္စကို အကြမ်းဖက်သည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက်အာဏာရရှိရေးကို ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့် အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့် အတွက် တိုင်းရင်းသားအားလုံး အခွင့်အရေး တန်းတူရရှိရေးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လမ်းပန်းဆက်သွယ်မှုများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်သမားများ၏ တရားမဝင်မူးယစ်ဆေးဝါး သယ်ယူရောင်းဝယ်မှုများကို တားဆီးနိုင်ရေးနှင့် လက်နက်၊ ခဲယမ်း၊ မီးကျောက်သယ်ယူမှုများ တားဆီးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နေရာများရှိ လုံခြုံရေးစခန်းများကို လာရောက်တိုက်ခိုက်မှုများရှိကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**အကြောင်းအမျိုးမျိုးဖြင့်ပိတ်ဆို့မှုများရှိ**

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်ဖြစ်သည့် နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ၎င်းလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါကနိုင်ငံ၏ GDP များလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်ရန် လိုကြောင်း၊ မိမိတို့၏အဓိကစီးပွားရေး လုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစ၍ အချို့ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ အနေဖြင့် စီးပွားရေးနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးဖြင့် ပိတ်ဆို့မှုများရှိကြောင်း၊ အလားတူ နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်စေရန်အတွက် အကြမ်းဖက်သမားများအနေဖြင့် နယ်စပ်ဒေသများတွင် တိုက်ပွဲများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

စာမျက်နှာ ၆ သို့ *

### နေရာကွက်၍ မိုးကြီးနိုင်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ ည(၇)နာရီအချိန် ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

မိုး/ဧလ